Funded by:

Australian AID

One Vision, One Identity, One Community

www.asean.org

AANZFTA

# A Guide for ASEAN Business

ASEAN – AUSTRALIA – NEW ZEALAND
Free Trade Area

CD-ROM Included

# အာဆီယံစီးပွားရေးလုပ်ငန်းများအတွက် လမ်းညွှန်စာစောင်

## အာဆီယံ - ဩစတြေးလျ - နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ

၂

## မိတ်ဆက်

အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို ၊ မလေး ရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများနှင့် သြစတြေးလျနှင့် နယူးဇီလန်နိုင်ငံ (၂) နိုင်ငံ၊ စုစုပေါင်းနိုင်ငံပေါင်း (၁၂) နိုင်ငံတို့သည် အာဆီယံ၊ သြစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသကို တည်ထောင်နိုင်ရေးအတွက် ၂၀၀၅ ခုနှစ်မှ စတင်၍ စေ့စပ်ဆွေးနွေးညှိနှိုင်းခဲ့ကြ ပါသည်။

ထို့နောက် ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အာဆီယံ-သြစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ကြပြီး၊ ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁) ရက် နေ့မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။

ဒေသခွဲတစ်ခုနှင့်တစ်ခု နီးကပ်မှုရှိသည့် နိုင်ငံ (၁၂) နိုင်ငံအတွင်း၌ ကုန်စည်များ၊ ဝန်ဆောင်မှု လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လျှင်မြန်ချောမွေ့စေပြီး၊ ကုန်သွယ်မှုမြင့်မားတိုးတက်ကာ အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်အတွက် လွတ်လပ်သောကုန်သွယ်မှုဒေသကို တည်ထောင်ထားခြင်းဖြစ်သဖြင့်၊ လွတ်လပ်သော ကုန်သွယ်မှုဒေသမှပေးအပ်ထားသည့် အခွင့်အရေးများကို စီးပွားရေးလုပ်ငန်းများအနေဖြင့်သိရှိပြီး၊ ယင်းတို့ကို ရယူခံစားနိုင်စေရန် ရည်ရွယ်၍ ဤလမ်းညွှန်စာစောင်ကို ဘာသာပြန်ဆိုထုတ်ဝေခြင်း ဖြစ်ပါသည်။

ဤလမ်းညွှန်စာစောင်၌ ဖော်ပြထားသည့် ဘာသာပြန်ဆိုချက်များမှာ ဘာသာရပ်ဆိုင်ရာကို နားလည်သဘောပေါက်စေရန် ဦးတည်ကာ အလွတ်သဘောဘာသာပြန်ဆိုထားခြင်းသာ ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဘာသာပြန်အဖွဲ့

## ကြိုတင်အသိပေးမှု

ဤစာစောင်ရိုက်နှိပ်ထုတ်ဝေမှုသည် အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ (AANZFTA) တည်ထောင်မှု သဘောတူစာချုပ်ကို နားလည်သဘောပေါက်စေရန် ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။ လမ်းညွှန်စာစောင်တစ်ခုသာဖြစ်ပြီး သဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ခုမဟုတ်ပါ။ သဘောတူစာချုပ်၏ မည်သည့် ဥပဒေဆိုင်ရာ ဘာသာပြန်ဆိုမှုကိုမျှလည်း မထောက်ပံ့ (သို့) မရည်ရွယ်ပါ။

နားလည်သဘောပေါက်လွယ်စေရန်အတွက် အချို့သောဥပမာများကို အသုံးပြုတင်ပြထားသော်လည်း ၎င်းတို့မှာ သရုပ်ပြရုံသက်သက်မျှသာဖြစ်ပြီး ဆုံးဖြတ်မှုများအတွက် အကျုံးမဝင်ပါ။ ကူးသန်းရောင်းဝယ်မှုဆိုင်ရာ အကြံပြုမှုများနှင့်လည်း မသက်ဆိုင်ပါ။ ဤစာစောင်တွင် အမြင်များ (သို့မဟုတ်) သုံးသပ်ချက်များကို ဖော်ပြထားသော်လည်း ဥပဒေရေးရာ (သို့) ကုန်သွယ်မှုဆိုင်ရာ အကြံပြုချက်များနှင့် မသက်ဆိုင်ပါ။

ဤစာစောင်တွင် မြေပုံများအသုံးပြုဖော်ပြထားသော်လည်း သဘောတူစာချုပ်တွင် ပါဝင်သည့် နိုင်ငံများကို သိသာစေရန်အတွက်သာ အသုံးပြုခြင်းဖြစ်ပါသည်။ ပထဝီနယ်နိမိတ်များအတွက် ဥပဒေကြောင်းအရ ဆုံးဖြတ်ခြင်း၊ အခိပ္ပါယ်ဖွင့်ဆိုခြင်းတို့အတွက် မရည်ရွယ်ပါ။

ဤစာစောင် ပုံနှိပ်ထုတ်ဝေးခြင်းအတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကြိုးစားပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။ သို့သော် ဤစာစောင်တွင်ဖော်ပြရန် ပျက်ကွက်မှု (သို့) မတိကျမှုများအတွက်မဆို ၎င်းတွင် တာဝန်မရှိပါ။ ဤစာစောင်ပါအချက် အလက်များကို အသုံးပြုခြင်းဖြင့် ပေါ်ပေါက်လာသော (သို့) ပေါ်ပေါက်လာမည့် မည်သည့်အရေးဆိုမှု၊ ဆုံးရှုံးမှု (သို့) ကုန်ကျစရိတ်များအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ သာမက ဩစတြေးလျအထောက်အပံ့ပေးသည့် ယူနစ်မှ တာဝန်ယူမည်မဟုတ်ပါ။ အချက်အလက်များကို အသုံးပြုမှုသည် အသုံးပြုသူ၏ တာဝန်ယူမှုနှင့် ချင့်ချိန်အသုံးပြုရန်သာ ဖြစ်ပါသည်။

ဤစာစောင်ပုံနှိပ်ထုတ်ဝေမှုသည် သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး (သို့) ဩစတြေးလျအထောက်အပံ့ပေးသည့်ယူနစ်တို့၏ ထင်မြင်ယူဆချက်များကို ထင်ဟပ်ဖော်ဆောင်မှု မရှိပါ။

## ဦးဃျောဇဠ်

အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ (ASEAN - Australia - Newzealand Free Trade Area - AANZFTA) ထူထောင်သည့် သဘောတူ စာချုပ်သည် အာဆီယံ နိုင်ငံများအတွက် သမိုင်းဝင်ဆောင်ရွက်မှုတစ်ရပ်ဖြစ်ပါသည်။ ၎င်းသည် အာဆီယံအနေဖြင့် ဆွေးနွေးဖက်နိုင်ငံများနှင့် သဘောတူစာချုပ်ချုပ်ဆိုရာတွင် ပထမဆုံး အပြီး သတ်ဆွေးနွေးနိုင်ခဲ့သည့် အပြည့်စုံဆုံးဘက်စုံစီးပွားရေး သဘောတူစာချုပ်တစ်ရပ်လည်း ဖြစ်ပါသည်။ AANZFTA သည် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူစာချုပ်များတွင် ပါဝင်လေ့ရှိသည့် အပိုင်းများဖြစ်သည့် ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စသည့် အခန်းကဏ္ဍများပါဝင်ပါသည်။ သဘောတူစာချုပ်တွင် ဇရိယာအသစ်အနေဖြင့် စံချိန်စံညွှန်း၊ လူ၊ တိရစ္ဆာန်နှင့် အပင်ပိုးမွှား ရောဂါကင်းစင်ရေးနှင့် ကျန်းမာရေးဆိုင်ရာ အတိုင်းအတာများ၊ e - commerce ၊ မူပိုင်ခွင့်၊ ယှဉ်ပြိုင်မှုမူဝါဒ၊ လုပ်ငန်းရှင်များ ယာယီရွှေ့ပြောင်း သွားလာဆောင်ရွက်မှု၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စသည်တို့ ပါဝင်ပါသည်။

အာဆီယံစီးပွားရေး လုပ်ငန်းများအတွက် လမ်းညွှန်စာစောင်သည် AANZFTA အကြောင်းကို သိရှိစေရန်နှင့် ၎င်းကို အကောင်အထည်ဖော်၍ အသုံးပြုသည့်အခါ အာဆီယံ လုပ်ငန်းများအနေဖြင့် ထိရောက်စွာ အသုံးချနိုင်ရေး လမ်းညွှန်နိုင်ရန် ရည်ရွယ်ပါသည်။

ဤစာချုပ်သည် အာဆီယံထုတ်လုပ်သူများ၊ ကုန်သည်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ အတတ်ပညာရှင်များ အတွက် ဖန်တီးထားသည့် ဈေးကွက်ဝင်အခွင့်အလမ်း အပါအဝင် သိသာထင်ရှားသော အချက်များကို မီးမောင်းထိုးပြထားပါသည်။

ဤလမ်းညွှန်စာစောင်သည် AANZFTA သဘောတူစာချုပ်အား ဥပဒေကြောင်းနှင့်အညီ အဓိပ္ပါယ် ပြန်ဆိုရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ လုပ်ငန်းရှင်များအနေဖြင့် သဘောတူစာချုပ်ကို သဘောပေါက် နားလည်စေရေးအတွက် ပြည့်စုံစွာ ဖြည့်စွက်ပေးရန်သာ ရည်ရွယ်ပါသည်။

အာဆီယံပြည်သူလူထု၏ အကျိုးစီးပွားနှင့် စီးပွားရေးကို ဆက်လက်အကျိုးပြုနိုင်ရန်အတွက် AANZFTA မှ သယ်ဆောင်လာသည့် အခွင့်အလမ်းများကို ပိုမိုအသုံးချစေလိုပါသည်။ လုပ်ဖော်ကိုင်ဖက်များအား အသိပညာဗဟုသုတ အချက်အလက်များမျှဝေခြင်းဖြင့် အာဆီယံ၏ သမိုင်းဝင် သဘောတူစာချုပ်တစ်ခုအား သတိပြုမိကာ၊ ပိုမိုနားလည်မှုလွယ်ကူစေရန် ဝိုင်းဝန်းကူညီကြပါစို့။

Dr . Surin Pitsuwan
အာဆီယံအတွင်းရေးမှူးချုပ်

၅

## ကျေးဇူးတင်ရှိခြင်း

ဤလမ်းညွှန်စာစောင်ထုတ်ဝေနိုင်ရေးအတွက် ကျွန်ုပ်တို့၏ ကြိုးပမ်းအားထုတ်မှုများ၌ ပါဝင်ကူညီပံ့ပိုးပေးသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ကျွန်ုပ်တို့မှ ကျေးဇူးတင်ရှိပါသည် -

- လမ်းညွှန်စာစောင်ထုတ်ဝေရေးအတွက် ဗဟုသုတများနှင့် အတွေ့အကြုံများ မျှဝေပေးသော Andrew Stoler
- စာစောင်ထုတ်ဝေရာတွင် စဉ်းစားသုံးသပ်ပြင်ဆင်မှု၌ တန်ဖိုးမဖြတ်နိုင်သည့် အချိန်များကို ပေးအပ်ဆောင်ရွက်ခဲ့ကြသော အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဩစတြေးလျ DFAT ၊ ဩစတြေးလျ အကောက်ခွန်ဌာနနှင့် နယူးဇီလန် MFAT တို့မှ ကျွမ်းကျင်သူများ
- စာစောင်ထုတ်ဝေရေးစီမံကိန်းအား အဆင်ပြေချောမွေ့စေရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးခဲ့သော အာဆီယံအတွင်းရေးမှူးချုပ်ရုံးအဖွဲ့
- ကြိုးပမ်းဆောင်ရွက်မှုတွင် ကူညီပေးခဲ့ကြသော အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အခြား ဝန်ထမ်းများ
- မိမိတို့၏ အစပြုဆောင်ရွက်မှုကို စဉ်ဆက်မပြတ်ပံ့ပိုးကူညီပေးခဲ့သော ဩစတြေးလျ အထောက်အပံ့ပေးသည့်ယူနစ်နှင့်
- နောက်ဆုံးအနေဖြင့်သဘောတူညီချက် အကောင်အထည်ဖော်နိုင်ရေးအတွက် အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန်လွတ်လပ်သော ကုန်သွယ်မှုဒေသ ဆွေးနွေးညှိနှိုင်းမှုများတွင် မနားတမ်းပါဝင်ဆောင်ရွက်ခဲ့သူများအားလုံး

အာဆီယံအတွင်းရေးမှူးချုပ်ရုံး

## မာတိကာ


| | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| အပိုင်း(၁) | - | အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ အပေါ် ခြုံငုံ လေ့လာသုံးသပ်ခြင်း | ၁၁ - ၁၂ |
| အပိုင်း(၂) | - | အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ၏ အဓိက အချက်များ | ၁၃ - ၂၅ |

- ကုန်စည် ကုန်သွယ်ရေး
  - အကောက်ခွန်
  - အကောက်ခွန် မဟုတ်သော စီမံဆောင်ရွက်မှုများ
  - ပွင့်လင်းထင်သာမြင်သာရှိမှုကို တိုးမြှင့်စေခြင်း
- စံချိန်စံညွှန်း၊ လူ၊ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါ ကင်းစင်ရေးနှင့် ကျန်းမာ ရေးဆိုင်ရာအတိုင်းအတာများ
  - စံချိန်စံညွှန်း
  - အပင်ပိုးမွှားနှင့် ကျန်းမာရေးဆိုင်ရာ အတိုင်းအတာများ
- ဝန်ဆောင်မှု ကုန်သွယ်ရေး
  - ပြည်တွင်း ဥပဒေလုပ်ထုံးလုပ်နည်း
    - ဆောင်ရွက်ခွင့်ပြုခြင်း
    - ပွင့်လင်းထင်သာမြင်သာမှုရှိခြင်း
    - အပြန်အလှန်အသိအမှတ်ပြုခြင်း
    - အပြန်အလှန် အသိအမှတ်ပြုခြင်း
    - စီးပွားရေးလုပ်ငန်းအချို့ကို တစ်ဦးတည်းအား လုပ်ကိုင်ခွင့်ပေးခြင်း
    - အကျိုးခံစားခွင့်အားငြင်းပယ်ခြင်း
    - အရေးကြီးသောအဓိကအချက်များ
    - ဘဏ္ဍာရေးနှင့်ဆက်သွယ်ရေး ဆိုင်ရာ ဝန်ဆောင်မှုများ
- ရင်းနှီးမြှုပ်နှံမှု
  - လုပ်ငန်းအစီအစဉ်
    - ပွင့်လင်းထင်သာမြင်သာမှုရှိခြင်း
    - စီမံခန့်ခွဲမှုကိစ္စရပ်များတွင် မျှတစွာဆောင်ရွက် ပေးခြင်း
    - ရင်းနှီးမြှုပ်နှံသူနှင့်နိုင်ငံအစိုးရတို့အကြား အငြင်းပွားမှုဖြေရှင်း ခြင်းဆိုင်ရာ ကိစ္စရပ်များ

၇

- မူပိုင်ခွင့် ( AANZFTA ၏ အခန်း (၁၃) )
  - ကုန်သွယ်မှုနှင့်ဆက်နွယ်နေသော အနုညာဏ ဆိုင်ရာမူပိုင်ခွင့်အား ပြင်ဆင်မွမ်းမံခြင်း
  - ပွင့်လင်းထင်သာ မြင်သာမှုရှိခြင်း
  - အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေး
  - ယှဉ်ပြိုင်မှုမူဝါဒ
  - စီးပွားရေးလုပ်ငန်းရှင်များယာယီရွှေ့ပြောင်း သွားလာခြင်း

အပိုင်း (၃) - အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ၏ ကုန်သွယ်မှုကို လျှင်မြန်ချောမွေ့ စေမည့် လက္ခဏာရပ်များ ၂၆ - ၂၉
- ပင်ရင်းဒေသစည်းမျဉ်း
- AANZFTA တွင်ပါဝင်သော ကုန်သွယ်မှုလျင်မြန်ချော မွေ့စေမှု

အပိုင်း (၄) - ဈေးကွက်ဝင်အခွင့်အလမ်းအသစ်များ ၃၀ - ၅၃
- ကုန်စည်ကုန်သွယ်ရေးဆိုင်ရာအခွင့်အလမ်းများ
- ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ အခွင့်အလမ်းများ

**စာရေးသားဖော်ပြထားသည့်အကွက်စာရင်း (List of Boxes)**


| | |
|---|---|
| အကွက် ၁။ | ဝန်ဆောင်မှုကုန်သွယ်ရေးကတိကဝတ်များ |
| အကွက် ၂။ | အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ၏ ရင်းနှီးမြှုပ်နှံမှု ဟူသော အခိုပွါယ် |
| အကွက် ၃။ | အီလက်ထရွန်းနစ်နည်းလမ်းဖြင့် စစ်ဆေးခြင်းနှင့်ဒစ်ဂျစ်တယ် သက်သေခံ လက်မှတ်များ |
| အကွက် ၄။ | စီးပွားရေးလုပ်ငန်းရှင်များ ယာယီရွှေ့ပြောင်းသွားလာမှု- မည်သူတို့အကြုံးဝင်သနည်း |


**ဇယားစာရင်း (List of Tables)**


| | |
|---|---|
| ဇယား ၁။ | ဩစတြေးလျနှင့်နယူးဇီလန်တို့၏ အကောက်ခွန်ဖယ်ရှားရေးအစီအစဉ် |
| ဇယား ၂။ | အကောက်ခွန် ၀ % - ၅ % အတွင်းရှိမည့် ကုန်စည်လိုင်းရာခိုင်နှုန်း |

**အတိုကောက်စာလုံးများ၏အဓိပ္ပါယ်ဖွင့်ဆိုချက်**

| | | |
|---|---|---|
| AANZFTA | - | Agreement Establishing the ASEAN - Australia - New Zealand Free Trade Area<br>အာဆီယံ - ဩစတြေးလျ - နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသအကောင်အထည်ဖော်ရေး သဘောတူစာချုပ် |
| ASEAN | - | Association of Southeast Asian Nations<br>အရှေ့တောင်အာရှ နိုင်ငံများအသင်း |
| CTC | - | Change in Tariff Classification<br>အကောက်ခွန်လိုင်းပြောင်းလဲခြင်း |
| EIF | - | Entry Into Force<br>သဘောတူစာချုပ်စတင်အသက်ဝင်ခြင်း |
| FTA | - | Free Trade Agreement<br>လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ် |
| GATS | - | WTO's General Agreement on Trade in Services<br>ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာအထွေထွေသဘောတူညီချက် |
| HS | - | Harmonized System<br>စည်းဝါးညီအကောက်ခွန်စနစ် |
| ICSID | - | International Centre for the Settlement of Investment Dispute<br>ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြဿနာများ ဖြေရှင်းရေးအပြည်ပြည်ဆိုင်ရာ ဗဟို ဌာန |
| MFN | - | Most - favoured – nation<br>ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံအချင်းချင်း ခွဲခြားဆက်ဆံခြင်း မပြုသောစနစ် |
| ROO | - | Rules of Origin<br>ပင်ရင်းဒေသစည်းမျဉ်း |
| RVC | - | Regional Value Content<br>ဒေသတွင်းတန်ဖိုးပါဝင်မှု |
| STRACAP | - | Standards, Technical Regulations and Conformity Assessment Procedures<br>စံချိန်စံညွှန်း၊ နည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုသုံးသပ်သည့် လုပ်ထုံးလုပ်နည်း |
| SPS | - | Sanitary and Phytosanitary<br>လူ၊ တိရိစ္ဆာန်နှင့်အပင်ပိုးမွှားရောဂါကင်းစင်ရေး |

| | | |
|---|---|---|
| TRIPS | - | WTO's Agreement on Trade - Related Aspects of Intellectual Property Rights<br>ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုနှင့်ဆက်နွယ်သည့် အနုညာဏဆိုင်ရာ မူပိုင်ခွင့်သဘောတူညီချက် |
| UNCITRAL | - | United Nations Commission on International Trade Law<br>ကမ္ဘာ့ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဥပဒေ ကော်မရှင် |
| WCO | - | World Customs Organization<br>ကမ္ဘာ့အကောက်ခွန်အဖွဲ့ |
| WIPO | - | World Intellectual Property Organization<br>ကမ္ဘာ့အနုညာဏပိုင်ဆိုင်မှုဆိုင်ရာအဖွဲ့ |
| WTO | - | World Trade Organization<br>ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ |

# အာဆီယံစီးပွားရေးလုပ်ငန်းများအတွက် လမ်းညွှန်စာစောင်

## အာဆီယံ - သြစတြေးလျ - နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ

# A Guide for ASEAN Business

## ASEAN - Australia, Newzealand Free Trade Area



# အပိုင်း (၁)

# အာဆီယံ - ဩစတြေးလျ ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသအပေါ် ခြုံငုံလေ့လာသုံးသပ်ခြင်း

၁။ အာဆီယံ - ဩစတြေးလျ ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ ( ASEAN - Australia - Newzealand Free Trade Area - AANZFTA ) တည်ထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ဩစတြေးလျ ၊ နယူးဇီလန် စီးပွားရေးဝန်ကြီးများက ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပြီး၊ အဆိုပါ သဘောတူစာချုပ်သည် ၁-၁-၂၀၁၀ ရက်နေ့တွင် စတင်အသက်ဝင်မည်ဟု ခန့်မှန်းထားခဲ့ပါသည်။ အဆိုပါ လွတ်လပ်သောကုန်သွယ်မှုဒေသတွင် စုစုပေါင်းလူဦးရေသန်း ၆၀၀ နှင့် ဒေသတွင်းထုတ်လုပ်မှု (GDP) သည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၂.၇ ထရီလီယံ ရှိပါသည်။ ယခုလက်မှတ်ရေးထိုးခဲ့သော သဘောတူစာချုပ်သည် အချို့သောအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတို့အကြား ဆွေးနွေးညှိနှိုင်း၍ ဖော်ဆောင်ခဲ့ကြသော သဘောတူစာချုပ်များကို အခြေခံ၍ ဖော်ဆောင်ခဲ့ခြင်းဖြစ်ပြီး၊ ဒေသတွင်းတွင် ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ပါ သည်။

၂။ အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ ဆိုင်ရာဆွေးနွေးမှုများကို ၂၀၀၅ ခုနှစ်တွင် စတင်ဆွေးနွေးခဲ့သည့်အချိန်မှစ၍ အဖွဲ့ဝင်နိုင်ငံများအကြား ဒေသတွင်းကုန်သွယ်မှုသည် နှစ်စဉ် ၁၆% နီးပါးတိုးတက်ခဲ့ပြီး၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့သည် အာဆီယံ၏ ဆဋ္ဌမအကြီးဆုံးကုန်သွယ်ဖက် ဖြစ်လာခဲ့ပါသည်။ အာဆီယံဒေသတစ်ခုလုံးအနေဖြင့်မူ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့၏ ဒုတိယနှင့် တတိယ အကြီးဆုံး အသီးသီးကုန်သွယ်ဖက်နိုင်ငံများ ဖြစ်လာခဲ့ပါသည်။ အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတို့သည် ဒေသတစ်ခုနှင့် အခြားဒေသတစ်ခုတို့အကြား ဖွဲ့စည်းခဲ့သော ပထမဦးဆုံးလွတ်လပ်သော ကုန်သွယ်မှုဒေသ ဖြစ်ပါသည်။

၃။ ယခုလက်မှတ်ရေးထိုးခဲ့သော သဘောတူစာချုပ်သည် ခေတ်မှီ၍ ပြီးပြည့်စုံသော လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်ဖြစ်ပြီး၊ အာဆီယံလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းများ ပိုမို ရရှိစေရန် လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်ပါသည်။ ဈေးကွက်ဝင်ခွင့် အခွင့်အလမ်း တိုးတက်မှုများသည် ဒေသတွင်းတွင် လုပ်ငန်းများဆောင်ရွက်မည့် ကုမ္ပဏီများအတွက် ပိုမို၍ ပွင့်လင်းထင်သာမြင်သာမှုရှိစေပြီး၊ တိကျသေချာသော ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး အတိုင်းအတာများကို အလွန်အရေးပါစွာ အထောက်အကူပြုစေမည်ဖြစ်ပါ သည်။ အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသသည် “ရှင်သန်လှုပ်ရှားသော သဘောတူစာချုပ်” ဖြစ်ပြီး၊ ၎င်းကိုဖွဲ့စည်းထားသောစနစ်မှာ ပိုမို၍ ဖြေလျှော့မှုများနှင့် လက်တွေ့တွင်ဖြစ်ပေါ်လာမည့် ပြဿနာရပ်များ ဖြေရှင်းမှုတို့ကိုလည်း ခွင့်ပြုမည်ဖြစ်ပါသည်။ လွတ်လပ်သောကုန်သွယ်မှုဒေသ (Free Trade Area - FTA) မှတဆင့် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ချိတ်ဆက်မှုများသည် နောင်လာမည့် နှစ်များတွင် ပိုမို၍ နက်နဲစွာ ချဲ့ထွင်လာလိမ့်မည် ဖြစ်ပါသည်။

၄။ FTA များစေ့စပ်ဆွေးနွေးညှိနှိုင်းပွဲတွင် အစိုးရများက ဆွေးနွေးညှိနှိုင်းခဲ့ကြသော်လည်း အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကို လုပ်ငန်းရှင်များက အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များ အနေဖြင့် FTA မှ ခွင့်ပြုပေးထားသည့် အခွင့်အလမ်းများကို အကျိုးရှိစွာ လက်တွေ့အသုံးချနိုင်စေရန်အတွက် ယင်းတို့ကို သဘောပေါက်နားလည်ရန်မှာ လွန်စွာအရေးကြီးလှပါသည်။ သဘောတူစာချုပ်သည် ၂၀၁၀ အစပိုင်း၌ အသက်ဝင်လာပြီး နောက်ပိုင်းတွင် ဒေသတွင်းကုန်သွယ်မှု အလားအလာများ မည်ကဲ့သို့ပြောင်းလဲသွားမည်ကို ဤလမ်းညွှန်စာစောင်က ရှင်းလင်းတင်ပြပေးမည်ဖြစ်ပါသည်။ သွင်းကုန်တင်သွင်းသူ၊ ပို့ကုန်တင်ပို့သူ၊ ရင်းနှီးမြှုပ်နှံသူနှင့် စားသုံးသူများက FTAကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့ကာ လုပ်သာကိုင်သာရှိလာပြီး၊ အကျိုးစီးပွားများကို ရယူခံစားနိုင်စေရန်အတွက် နိုင်ငံခေါင်းဆောင်များအနေဖြင့် AANZFTA ကို ဆွေးနွေး၍ ညှိနှိုင်းလက်မှတ် ရေးထိုးခဲ့ကြခြင်းဖြစ်ပါသည်။

## အပိုင်း (၂)

## အာဆီယံ - သြစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ ၏ အဓိကအချက်များ

၅။ AANZFTA သည် ခေတ်မီပြီး ပြီးပြည့်စုံသော ဒေသတွင်းလွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာ သဘောတူစာချုပ် တစ်ရပ်ဖြစ်ပါသည်။ အဆိုပါစာချုပ်အရ သြစတြေးလျနိုင်ငံသည် စာချုပ်အသက်ဝင်သည့် ၂၀၁၀ ပြည့်နှစ်တွင် အာဆီယံနိုင်ငံများက ၎င်းတို့ထံသို့ တင်ပို့မည့် ကုန်စည်အားလုံး၏ ၉၆% ကျော်ကို အကောက်ခွန်ဖယ်ရှားပေးမည်ဖြစ်ပြီး၊ နယူးဇီလန်အနေနှင့်မူ ၂၀၁၃ ခုနှစ်တွင် အာဆီယံနိုင်ငံများမှ ၎င်းတို့ထံသို့ တင်ပို့မည့် ကုန်စည်အားလုံး၏ ၉၀%ကျော်ကို အကောက်ခွန်ဖယ်ရှားပေးမည်ဖြစ်ပါသည်။ ကျန်ကုန်စည်လိုင်းများ ၏ အကောက်ခွန်များကို ၂၀၂၀ ပြည့်နှစ်တွင် လုံးဝဖယ်ရှားပေးမည် ဖြစ်ပါသည်။ ထိုကဲ့သို့ အကောက်ခွန်လျှော့ချ ဖယ်ရှားပေးမှုကို AANZFTA ပင်ရင်းဒေသစည်းမျဉ်း၏ လိုအပ်ချက်များနှင့် ကိုက်ညီသော ကုန်စည်များ အတွက်သာ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ စာချုပ်အသစ်သည် ဒေသတွင်းဝန်ဆောင်မှု ကုန်သွယ်ရေးကိုပါ ဖြေလျှော့ပေးမည်ဖြစ်ပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှု၊ မူပိုင်ခွင့်၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းများ၊ electronic commerce ၊ ယှဉ်ပြိုင်မှု မူဝါဒ၊ စံချိန်စံညွှန်း နှင့် ဒေသတွင်း၌ လုပ်ငန်းရှင်များ ယာယီ ရွှေ့ပြောင်းသွားလာမှုစသည်တို့လည်း ပါဝင်ပါသည်။ AANZFTA အောက်တွင် ဒေသဆိုင်ရာ အဖွဲ့အစည်းသစ်များ ဖန်တီးခြင်းဖြင့် သဘောတူစာချုပ်သည် ထိရောက်သည့် အကောင်အထည်ဖော်မှုကို ဖြစ်ပေါ်စေပြီး အချိန်ကာလ သတ်မှတ်ချက်များနှင့်အညီ ဖြေလျှော့မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ FTA တွင် ပါဝင်သည့် အဓိက အချက်များကို အောက်တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။ ကုန်စည်ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုကုန်သွယ်ရေး ဆိုင်ရာ ဈေးကွက်ဝင်ခွင့် အခွင့်အလမ်းအသစ်များကို ဤစာစောင်၏ **အပိုင်း(၄)** တွင် ဖော်ပြထားပါသည်။

### ကုန်စည် ကုန်သွယ်ရေး (AANZFTA ၏ အခန်း ၂)

၆။**အကောက်ခွန်**။ ။ အထက်တွင်ဖော်ပြထားသည့်အတိုင်း AANZFTA သည် ပို့ကုန်လုပ်ငန်းရှင်များ အနေဖြင့် AANZFTA ပင်ရင်းထုတ်ကုန်များအပေါ်တွင် အကောက်ခွန်များ လျင်မြန်စွာ လျှော့ချ ဖယ်ရှားပေးသည့် ကုန်ပစ္စည်းအများစုကို စာချုပ်အသက်ဝင်ချိန် (သို့မဟုတ်) စတင်အကောင်အထည် ဖော်ချိန်မှ စတင်၍ အကောက်ခွန်ဖယ်ရှားပေးမည့် အခွင့်အလမ်းအသစ်ကို ခံစားရတော့မည် ဖြစ်ပါသည်။ စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအနေဖြင့် ကုန်စည်များအပေါ် ကောက်ခံသော အကောက်ခွန်နှုန်းများကို သိရှိလိုပါက အဖွဲ့ဝင် နိုင်ငံအားလုံး (အာဆီယံ + သြစတြေးလျ၊ နယူးဇီလန် စုစုပေါင်း ၁၂ နိုင်ငံ)၏ အကောက်ခွန်အစီအစဉ်ကို အာဆီယံ ၏ Website ဖြစ်သည့် www.asean.org တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။ ကဏ္ဍတစ်ခုစီတွင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့်ပတ်သက်သည့် အထွေထွေအချက်အလက်များကို အောက်တွင် ဖော်ပြထားသည့် **အပိုင်း (၄)** တွင် လေ့လာနိုင်ပါသည်။

၇။**အကောက်ခွန် မဟုတ်သော စီမံဆောင်ရွက်မှုများ ( Non Tariff Measures)** ။ ။ အကောက်ခွန် လျှော့ချခြင်းနှင့် ဖယ်ရှားခြင်း ဆိုင်ရာအချက်အလက်များအပြင် AANZFTA ၏ အခန်း (၂) သည် အရေအတွက် ကန့်သတ်ခြင်းနှင့် အကောက်ခွန် မဟုတ်သော စီမံဆောင်ရွက်မှုများကို ဖော်ပြထားပါသည်။ အကောက်ခွန် မဟုတ်သည့် စီမံဆောင်ရွက်မှုတစ်ခုကြောင့် ကုန်သွယ်မှုကိုထိခိုက်စေသည့် သဘောသက်ရောက်မှု ရှိလာပါက AANZFTA အဖွဲ့ဝင်နိုင်ငံတစ်ခုမှ အစိုးရက ယင်းကို ပြန်လည်သုံးသပ်ပေးရန်အတွက် ကုန်စည်ကုန်သွယ်ရေး

ကော်မတီထံသို့ မေတ္တာရပ်ခံတင်ပြနိုင်သည့် လုပ်ထုံးလုပ်နည်းကိုလည်း AANZFTA တွင် ထည့်သွင်းရေးဆွဲထားပါသည်။ အဆိုပါ အချက်သည် လုပ်ငန်းရှင်များအတွက် အလားအလာကောင်းပြီး ထူးခြားသည့် အချက်တစ်ခုဖြစ်ပါသည်။ AANZFTA အဖွဲ့ဝင်နိုင်ငံများ၏ လုပ်ငန်းရှင်များအနေဖြင့် FTA အတွင်း၌ လက်တွေ့လုပ်ငန်းများအား ဆောင်ရွက် ရာတွင် အကောက်ခွန် မဟုတ်သော စီမံဆောင်ရွက်မှု များကြောင့်လုပ်ငန်းများ ထိခိုက်နစ်နာပါက ၎င်းတို့အနေဖြင့် သက်ဆိုင်ရာအစိုးရထံသို့ တင်ပြပြီး သက်ဆိုင်ရာအစိုးရအနေဖြင့်လည်း ကုန်စည်ကုန်သွယ်ရေး ကော်မတီသို့ တင်ပြသွားနိုင်မည်ဖြစ်ပါသည်။

၈။**ပွင့်လင်းထင်သာမြင်သာမှုတိုးမြှင့်စေခြင်း။** ။ စီးပွားရေးလုပ်ငန်းများအနေဖြင့် AANZFTA ၏ တိုးမြှင့်ထားသော ပွင့်လင်းထင်သာမြင်သာမှုအပေါ် အကျိုးခံစားခွင့်ရရှိကြမည်ဖြစ်ပါသည်။ ယခု FTA သည် အဖွဲ့ဝင်နိုင်ငံများ ၏အစိုးရများအနေဖြင့်ကုန်သွယ်မှုဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ဆုံးဖြတ်ချက်များကို website ပေါ်တွင် ဖော်ပြခြင်းများကိုပါ ခွင့်ပြုမည်ဖြစ်ပါသည်။ နိုင်ငံအများစုသည် ကုန်ပစ္စည်းများအပေါ် ကောက်ခံသည့် သီးသန့် အကောက်ခွန်အပြင် ထပ်မံကောက်ခံသည့် အခကြေးငွေများ ရှိကြရာ ယင်းတို့ကို AANZFTA ၏ website တွင် ဖော်ပြပေးထားရ မည်ဖြစ်ပါသည်။ အဆိုပါ ပွင့်လင်းထင်သာမြင်သာရှိမှု လိုအပ်ချက်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization - WTO) ၏ လိုအပ်ချက်အပေါ် အခြေခံထားခြင်း ဖြစ်ပါသည်။

**စံချိန်စံညွှန်း၊ လူ၊ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါကင်းစင်ရေးနှင့် ကျန်းမာရေး ဆိုင်ရာအတိုင်းအတာများ**

၉။ **စံချိန်စံညွှန်း (AANZFTA ၏ အခန်း ၆ ) ။** ။ စံချိန်စံညွှန်း၊ နည်းပညာဆိုင်ရာ ဥပဒေများနှင့် သင့်တော်သော လုပ်ထုံးလုပ်နည်းများကို အရေးကြီးသော ပြည်သူလူထုမူဝါဒရည်ရွယ်ချက်များ အောင်မြင်စေရန် ရည်ရွယ်၍ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများမှ ဖော်ဆောင်ခဲ့ကြခြင်း ဖြစ်ပါသည်။ သို့ရာတွင် အဆိုပါ အတိုင်းအတာများသည် နိုင်ငံများအကြားတွင် ကွဲပြားခြားနားလျှက်ရှိသည့်အတွက် အဆိုပါ ကွဲပြားခြားနားမှုများသည် တင်ပို့သူများအတွက် အရေးကြီးပြီး စရိတ်ကုန်ကျမှုများသော စိန်ခေါ်မှုကို ဖြစ်ပေါ်လာစေပါသည်။ ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်တွင် ဖော်ပြပါရှိသော ကုန်သွယ်မှုဆိုင်ရာ နည်းပညာအတားအဆီးများကို အစိုးရများက လိုက်နာဆောင်ရွက်ရမည့် စံချိန်စံညွှန်း၊ နည်းပညာဆိုင်ရာ ဥပဒေများနှင့် သင့်တော်သော လုပ်ထုံးလုပ်နည်းများနှင့်အညီ AANZFTA ၏ အခန်း (၆) တွင်လည်း ယင်းတို့ကို ထည့်သွင်းဖော်ပြထားပါသည်။ အဆိုပါ AANZFTA ဆိုင်ရာ စံချိန်စံညွှန်းနှင့် သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းသည် လုပ်ငန်းရှင်များအား ကုန်သွယ်မှု ဆောင်ရွက်ရာတွင် အကျိုးရှိစေမည် ဖြစ် ပါသည်။

၁၀။ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်များကို ပြည်တွင်း၌ နည်းပညာဆိုင်ရာ ဥပဒေများအတွက် အခြေခံအဖြစ် အသုံးပြု၍ AANZFTA ၌ ၎င်းကို WTO ပါပြဋ္ဌာန်းချက်များနှင့်အညီ အခြေခံအဖြစ် ထည့်သွင်းဖော်ပြထားပါသည်။ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများသည် ထိရောက်မှုမရှိခြင်း (သို့မဟုတ်) သင့်တော်မှုမရှိဟု ယူဆ၍ အသုံးမပြုလျှင်သော်လည်းကောင်း၊ AANZFTA အဖွဲ့ဝင် များအကြား ကျင့်သုံးသောနိုင်ငံအဆင့် စံချိန်စံညွှန်းများ ကွဲပြားနေလျှင်သော်လည်းကောင်း၊ အစိုးရများအနေဖြင့် အခြားအဖွဲ့ဝင်နိုင်ငံ၏ နည်းပညာဆိုင်ရာ ဥပဒေများကို ၎င်းတို့၏ ကိုယ်ပိုင်အတိုင်းအတာများနှင့် တူညီမှုရှိသည်ဟု စဉ်းစားပေးရန် လိုအပ်ပါသည်။ အလားတူပင် လုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေရှိမှုကို တိုင်းတာမှုများသည်လည်း ကွဲပြားခြားနားနေလျှင်

ထို့ကဲ့သို့စဥ်းစားပေးရန်ဖြစ်ပါသည်။ ဥပဒေလုပ်ထုံးလုပ်နည်း သတ်မှတ်ချက် 'တူညီမှု' ကိုအသိအမှတ်ပြုရန် ဟူသော အချက်သည် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ကုန်ပစ္စည်းများအား ကွဲပြားခြားနားသော စံချိန်စံညွှန်းများကြောင့်အကြိမ်ကြိမ်စမ်းသပ်မှုနှင့် အကြိမ်ကြိမ် ငွေကုန်ကြေးကျများမှုများကို ရှောင်ရှားနိုင်မည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအတွက် အလွန်အရေးပါပါသည်။

၁၁။ စံချိန်စံညွှန်းနှင့်ပတ်သက်သည့် အခန်းသည် စံချိန်စံညွှန်း၊ နည်းပညာဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုသုံးသပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သည့် ကုန်သွယ်မှု လျင်မြန်ချောမွေ့ရေးဆောင်ရွက်မှုများကို အဖွဲ့ဝင်နိုင်ငံ၏ အစိုးရအနေဖြင့် ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိမှုကို ဖော်ပြထားပါသည်။ (ဥပမာအနေဖြင့် (၂) ဦး (သို့မဟုတ်) (၃)ဦးထက်ပိုသော အဖွဲ့ဝင်များသည် စံချိန်စံညွှန်းကိုက်ညီရန် (သို့မဟုတ်) နည်းပညာဥပဒေ (သို့မဟုတ်) လိုက်လျောညီထွေရှိမှုကို ကိုးကားသည့် လုပ်ထုံးလုပ်နည်းများ ညီညွတ်မှုရှိ စေရေးအတွက် ရည်ရွယ်သော သဘောတူစာချုပ် (သို့) အစီအစဥ်များသို့ ဝင်ရောက်သည့်အခါ ၎င်းတို့အနေဖြင့် အဆိုပါအစီအစဥ်ပါအချက်များကို သဘောတူလက်ခံသော အခြား AANZFTA အဖွဲ့ဝင်များအနေဖြင့် ပါဝင်ဆောင်ရွက်ခြင်းကို ခွင့်ပြုပေးရန် တာဝန်ရှိပါသည်။ )

၁၂။ ဤသဘောတူစာချုပ် ဆက်လက်အသက်ဝင်နေစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများသည် AANZFTA ၏ စံချိန်စံညွှန်းနှင့် ပတ်သက်နေသည့်အချက်များ အကောင်အထည်ဖော်မှုကို တိုးမြှင့်ရန်နှင့် စောင့်ကြည့် သုံးသပ်နိုင်ရန် အစည်းအဝေးပုံမှန်ကျင်းပနိုင်ရေးအတွက် စံချိန်စံညွှန်း၊ နည်းပညာလုပ်ထုံးလုပ်နည်းများ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဆပ်ကော်မတီတစ်ခုကိုလည်း တည်ထောင်ထားပါသည်။ အခြား FTAs များ၏ အတွေ့ အကြုံများအရ အဆိုပါ ဆပ်ကော်မတီကို တည်ထောင်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံအလိုက် စံချိန်စံညွှန်းများ၊ အဆင်ပြေ ချောမွေ့စေရေး လုပ်ထုံးလုပ်နည်းကွဲပြားမှုနှင့် ဆက်နွယ်နေသော ကုန်သွယ်မှု ပြဿနာများကို ပြန်လည်ဖြေရှင်း နိုင်ခဲ့ကြပါသည်။

၁၃။ **လူ၊ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါကင်းစင်ရေးနှင့် ကျန်းမာရေးဆိုင်ရာ အတိုင်းအတာများ (SPS) (AANZFTA ၏ အခန်း - ၅)။** ။ လူ၊ တိရစ္ဆာန်နှင့် အပင်များ၏ ဘဝနှင့် ကျန်းမာရေးကို ကာကွယ်ရန်ရည်ရွယ်၍ ဖော်ဆောင် ထားသော အတိုင်း အတာ များကိုအဖွဲ့ဝင် နိုင်ငံများ၏ သီးခြားအခြေအနေများအရ ထည့်သွင်းသွားရန် လိုအပ်သဖြင့် အကျိုးရလာဒ်အနေဖြင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံ သိသာထင်ရှားစွာ ကွဲပြားခြားနားနိုင်ပါသည်။

၁၄။ ပထမအဆင့်အနေဖြင့် AANZFTA အဖွဲ့ဝင်အစိုးရများအနေဖြင့် SPS ကဏ္ဍ တွင် ကုန်သွယ်မှုကို ဆက်နွယ်နေ သော ပြဿနာရပ်များကို ရှောင်ရှားရန်အတွက် ညီမျှသော အစီအစဥ်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ညီမျှသော ဆုံးဖြတ်ချက်များ ချမှတ်ရန်တို့ကို တွန်းအားပေးဆောင်ရွက်ခဲ့ပါသည်။ သီးသန့် SPS အတိုင်းအတာများ တူညီမှုရှိစေရေးဆိုင်ရာ နှစ်နိုင်ငံအကြားအသိအမှတ်ပြုမှု အစီအစဥ်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အခြားအဖွဲ့ဝင်နိုင်ငံမှ တောင်းဆိုလာပါက ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ရန်လည်း တာဝန်ရှိပါသည်။

၁၅။ ဒုတိယအဆင့်အနေဖြင့် AANZFTA သည် ကုန်သွယ်မှုနှင့် ဆက်နွယ်နေသော SPS ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် တိုင်ပင်ဆွေးနွေးရန် နည်းလမ်းကိုလည်း တည်ထောင်ထားပါသည်။ အကယ်၍ တင်ပို့သူတစ်ဦးအနေဖြင့် AANZFTA မှ အဖွဲ့ဝင်တစ်နိုင်ငံ အနေဖြင့် ဒေသတွင်းကုန်သွယ်မှုအပေါ် မလိုအပ်ဘဲ ဆန့်ကျင် ဘက်ထိခိုက်မှုဖြစ်ပေါ်စေသည့် SPS အတိုင်းအတာတစ်ခုကို ကျင့်သုံးပါက၊ သက်ဆိုင်ရာ အစိုးရသို့

ယင်းကိစ္စကို နှစ်နိုင်ငံကြားပြန်လည်ဖြေရှင်းရန်အတွက် တိုင်ပင်ဆွေးနွေးခြင်း နည်းလမ်းကို ဆောင်ရွက်နိုင်ပါသည်။ အကယ်၍ အဆိုပါကိစ္စကို နှစ်နိုင်ငံတိုင်ပင်ဆွေးနွေးခြင်းဖြင့် ပြန်လည်ဖြေရှင်းခြင်း မပြုနိုင်ပါက ယင်းကို FTA ပူးတွဲကော်မတီမှ ဆုံးဖြတ်မှုပြုလုပ်နိုင်ရန်အတွက် ဆက်လက် တင်ပြရမည် ဖြစ်ပါသည်။

၁၆။ နောက်ဆုံးအဆင့်အနေဖြင့် AANZFTA ၏ SPS အခန်းသည် FTA ၏ SPS အချက်အလက်များအကောင် အထည်ဖော်ရာတွင် တိုးတက်လာမှုများကို ပြန်လည်သုံးသပ်ရန် ရည်ရွယ်၍ SPS ဆပ်ကော်မတီနှင့် လုပ်ငန်း အဖွဲ့များကို ဖွဲ့စည်းထားပါသည်။ ကုန်ပစ္စည်းစံချိန်စံညွှန်းနှင့်ပတ်သက်၍ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ လွယ်ကူချောမွေ့စေရန်အတွက် SPS ဆပ်ကော်မတီသည် FTAs များနှင့် နှိုင်းယှဉ်လေ့လာ ဆောင်ရွက်မည် ဖြစ်ပါသည်။

၁၇။**ဝန်ဆောင်မှုကုန်သွယ်ရေး ( AANZFTA ၏ အခန်း ၈ )။** ။AANZFTA တွင် အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ဝန်ဆောင်မှုကုန်သွယ်ရေး၌ WTO တွင် ကတိကဝတ် ပြုထား သည်ထက် သာလွန်သည့်ဖြေလျှော့မှု များကို ဆောင်ရွက်ထားပါသည်။ ၎င်းတို့၏ကတိကဝတ်များဖြစ်သည့် ဈေးကွက်ဝင်ခွင့်အခွင့်အလမ်း၊ ပြည်တွင်း၌ ပေးသည့် အခွင့်အရေးတို့ကို ပြည်ပမှ လာရောက် လုပ်ကိုင်သူ သို့လည်း ပေးခြင်း ( National Treatment )၊ အဖွဲ့ဝင်နိုင်ငံ အချင်းချင်း ခွဲခြားဆက်ဆံမှုမပြုသော (Most Favoured Nation - MFN) အချက်များ၊ safeguards ၊ အခြားစည်းမျဉ်းစည်းကမ်းများ၊ အခြားလိုက်နာဆောင်ရွက်ရန် တာဝန် စသည်တို့သည် အာဆီယံ ဝန်ဆောင်မှု တင်ပို့သူများအတွက် တိကျသေချာမှုနှင့် ပွင့်လင်းထင်သာမြင်သာရှိမှုတို့ကို တိုးမြင့်စေမည် ဖြစ်ပါ သည်။

၁၈။ AANZFTA ရှိ ဝန်ဆောင်မှုကုန်သွယ်ရေး ဆိုင်ရာအချက်အလက်များသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဝန်ဆောင်မှုကုန်သွယ်မှုဆိုင်ရာယေဘူယျသဘောတူစာချုပ် (General Agreement on Trade in Services - GATS) ထက်သာလွန်ပြီး GATS ၏ ဖွဲ့စည်းတည်ဆောက်ပုံအတိုင်း ဆောင်ရွက်ထားပါသည်။ ဝန်ဆောင်မှု ကုန်သွယ်ရေးအခန်းကို အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သဘောတူစာချုပ်၏ ယေဘူယျအခွင့်အရေးနှင့် တာဝန်နှင့် ဝတ္တရားများ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

**Box 1 ; ဝန်ဆောင်မှုကုန်သွယ်ရေးကတိကဝတ်များ**

**နည်းလမ်း (၁) (Mode 1) Cross – border supply**

နိုင်ငံ A ရှိ ဝန်ဆောင်မှုကို ရောင်းချသူအနေဖြင့် A နိုင်ငံမှ ထွက်ခွာသွားခြင်းမပြုဘဲနိုင်ငံ B ရှိ ဝန်ဆောင်မှုသုံးစွဲသူကို ရောင်းချဆောင်ရွက်ခြင်း (ဥပမာ - စင်္ကာပူနိုင်ငံရှိ ဗိသုကာပညာရှင်သည် နယူးဇီလန်နိုင်ငံရှိ ဆောက်လုပ်ရေးကုမ္ပဏီထံသို့ အဆောက်အဦဒီဇိုင်းစီမံကိန်းကို ပေးပို့ရောင်းချခြင်း )

**နည်းလမ်း (၂) (Mode 2) Consumption abroad**

နိုင်ငံ B မှ ဝန်ဆောင်မှုခံစားလိုသူသည် နိုင်ငံ A သို့ ကိုယ်တိုင် ကိုယ်ကျ သွားရောက်ပြီးနိုင်ငံ A၏ ဝန်ဆောင်မှုကို ရယူခံစားခြင်း (ဥပမာ - မလေးရှားနိုင်ငံမှ ကျောင်းသားများသည် ဩစတြေးလျနိုင်ငံတွင် တက္ကသိုလ်ပညာလာရောက်သင်ကြားခြင်း)

**နည်းလမ်း (၃) (Mode 3) Commercial Presence**

နိုင်ငံ A ရှိ ဝန်ဆောင်မှုဆောင်ရွက်ပေးသူသည် နိုင်ငံ B ရှိ သုံးစွဲသူများသို့ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန်အတွက်နိုင်ငံ B တွင် ရုံးဖွင့်လှစ်ခြင်း (ဥပမာ - ဩစတြေးလျ ဥပဒေအဖွဲ့သည် ဟန္နိုင်းတွင် ရုံးဖွင့်လှစ်၍ ဥပဒေဆိုင်ရာ ဝန်ဆောင်မှုကို ဆောင်ရွက်ပေးခြင်း)

**နည်းလမ်း (၄) ( Mode 4 ) Temporary movement of natural persons**

နိုင်ငံ A ရှိ ဝန်ဆောင်မှုဆောင်ရွက်ပေးသည့်ပုဂ္ဂိုလ်သည် နိုင်ငံ B ရှိ သုံးစွဲသူထံသို့ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် အတွက် နိုင်ငံ B သို့ သွားရောက်ဆောင်ရွက်ခြင်း (ဥပမာ - နယူးဇီလန်နိုင်ငံသည် ဘရူနိုင်းနိုင်ငံ၌ ၎င်းဖွင့်လှစ်ထားသည့် ဟိုတယ်တွင် ပထမ (၂) နှစ်၌ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် နယူးဇီလန်နိုင်ငံမှ ကျွမ်းကျင်မှုမန်နေဂျာအားစေလွှတ်၍ လုပ်ငန်းဆောင်ရွက်စေခြင်း)

၁၉။ ၎င်းအပြင် AANZFTA အဖွဲ့ဝင်နိုင်ငံတိုင်းသည် အထူးပြုကတိကဝတ်များ အစီအစဥ်ဇယားတွင် ဈေးကွက်ဝင် အခွင့်အလမ်းနှင့် ပြည်တွင်း/ ပြည်ပခွဲခြားဆက်ဆံခြင်းမပြုသည့် ကတိကဝတ်များကို ဖော်ပြထားပါသည်။ ၎င်းတွင် သီးခြားဝန်ဆောင်မှုကဏ္ဍ များနှင့် ကဏ္ဍခွဲများကို AANZFTA နှင့် GATS တွင် အသုံးပြုသည့် 'Mode of supply' များဖြင့် ဆောင်ရွက်ရန် ပြင်ဆင်ထားပါသည်။ ဩစတြေးလျနှင့် နယူးဇီလန်တို့အနေဖြင့် WTO တွင် ကတိကဝတ်ပြုထားသည်များထက်သာလွန်၍ အာဆီယံတင်ပို့သူများအား အခွင့်အလမ်းအသစ်များပေးထားမှုကို ဤလမ်းညွှန်စာစောင်၏ **အပိုင်း - ၄** တွင်ဖော်ပြထားပါသည်။

၂၀။ ဈေးကွက်ဝင်ခွင့်အခွင့်အလမ်းအပြည့်အဝ ဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဈေးကွက်တွင်ပါဝင်ဆောင်ရွက်ခွင့်ပြုမည့် ဝန်ဆောင်မှုလုပ်ငန်း အရေအတွက်အား ကန့်သတ်ခြင်း၊ ဝန်ဆောင်ပေးမှုတန်ဖိုး (သို့မဟုတ်) ဝန်ဆောင်ပေးသည့် အရေအတွက်ကန့်သတ်ခြင်း၊ လုပ်ငန်းတွင် နိုင်ငံခြားလုပ်သား အရေအတွက်ကန့်သတ်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းတွင် ဆောင်ရွက်နိုင်မည့် သူအရေအတွက် ကန့်သတ်ခြင်း စသည့်အတားအဆီးများ ဆောင်ရွက်ခြင်းမပြုရဘဲ ဥပဒေကြောင်းအရသာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ National Treatment တွင် အစိုးရအနေဖြင့် ပြည်ပမှ လာရောက်ဆောင်ရွက်သူအား ပြည်တွင်းမှ ဆောင်ရွက်သူနှင့် တန်းတူ

အခွင့်အရေးပေးရမည်ဖြစ်ပါသည်။ သို့ရာတွင်အဖွဲ့ဝင်နိုင်ငံများ၏ အစီအစဉ်ဇယားတွင် အချို့ကဏ္ဍများ၌ ကန့်သတ်ချက်အချို့ပါဝင်နိုင်ပါသည်။

၂၁။ **ပြည်တွင်းဥပဒေလုပ်ထုံးလုပ်နည်း။** ။ AANZFTA အခန်း (၈) ဝန်ဆောင်မှုကုန်သွယ်ရေးတွင် ပြည်တွင်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ အစိုးရများမှ ဆောင်ရွက်ရမည့် အရေးကြီးသည့် ဝတ္တရားများကို ဖော်ပြထားပါသည်။ အဆိုပါကဏ္ဍများနှင့် အကျိုးရှိသော အကောင်အထည်ဖော်ဆောင်ရွက်မှုများသည် စီးပွားရေး လုပ်ငန်းများအတွက် လက်တွေ့ကျသည့် စဉ်းစားဆောင်ရွက်မှုကို ဖြစ်ပေါ်စေပါသည်။

၂၂။ **ဆောင်ရွက်ခွင့်ပြုခြင်း။** ။ ဝန်ဆောင်မှုကဏ္ဍတွင်ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းတစ်ခုသည် ဈေးကွက်တွင် ဝန်ဆောင်မှုပြုရန်အတွက် ခွင့်ပြုချက်လျှောက်ထားရန်လိုအပ်ပါက၊ ခွင့်ပြုမည့်အာဏာပိုင်အဖွဲ့ သည် လျှောက်ထားသူအနေဖြင့် အချက်အလက်ပြည့်စုံစွာ ဖြည့်စွက်တင်ပြနိုင်ရန်အတွက် လုံလောက်သော အချိန်နှင့် အချက်အလက် ရရှိစေပြီး၊ ပြည့်စုံသော လျှောက်လွှာတင်ပြခြင်းဖြစ်စေရန်နှင့် လျှောက်ထားသူအား ဆုံးဖြတ်ချက်ကို သင့်တော်သော အချိန်ကာလအတွင်း အကြောင်းပြန်ကြားပေးရန်၊ အကယ်၍စဉ်းစားဆောင်ရွက်ဆဲ ဖြစ်ပါက ရောက်ရှိနေသည့်အခြေအနေကိုအသိပေးရန်၊ အကယ်၍ လျှောက်လွှာကို ငြင်းပယ်ပါက လျှောက်ထား သူအား ခိုင်လုံသည့်အကြောင်းပြချက်ပေးရန်၊ အကယ်၍ ထပ်မံလျှောက်ထားလိုပါက ခွင့်ပြုပေးရန် ဖြစ်ပါသည်။

၂၃။ **ပွင့်လင်းထင်သာမြင်သာမှုရှိခြင်း။** ။ စီးပွားရေးလုပ်ငန်းများအနေဖြင့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်း များ၊ ဝန်ဆောင်မှုကုန်သွယ်ရေးကို ဆောင်ရွက်နိုင်မည့် အတိုင်းအတာများ၊ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် သက်ဆိုင် သည့်အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များကို သိရှိလေ့လာနိုင်ရန်အတွက် ပုံနှိပ်ထုတ်ဝေခြင်း၊ အင်တာနက် တွင်ဖော်ပြခြင်းများကို ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ အစိုးရအနေဖြင့် AANZFTA အဖွဲ့ဝင်နိုင်ငံများမှ သတင်းအချက်အလက်များကို လျင်မြန်စွာ တောင်းခံရရှိနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ရမည့်နေရာများ ဖွဲ့စည်းတည်ထောင်ထားရမည် ဖြစ်ပါသည်။

၂၄။ **အပြန်အလှန်အသိအမှတ်ပြုခြင်း ။** ။AANZFTA ဝန်ဆောင်မှုအခန်း၏ အရေးပါသောအပိုင်းသည် ပညာအရည်အချင်းကို အသိအမှတ်ပြုခြင်းနှင့် (သို့မဟုတ်) ဝန်ဆောင်မှုဆိုင်ရာ လက်တွေ့ဆောင်ရွက်သည့် အတွေ့အကြုံရှိမှု အသိအမှတ်ပြုရေးကို တွန်းအားပေးဆောင်ရွက်ပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အသိ အမှတ်ပြုမှု သဘောတူစာချုပ်ကို ချုပ်ဆိုဆောင်ရွက်နိုင်ရန် စေ့စပ်ဆွေးနွေးခြင်း (သို့မဟုတ်) လိုအပ်ချက် များတူညီရေးအတွက် စေ့စပ်ဆွေးနွေးခြင်း ကိုအားပေးခြင်းဖြင့် AANZFTA အဖွဲ့ဝင်နိုင်ငံတစ်ခုရှိ အတတ်ပညာ ပိုင်းဆိုင်ရာ ဝန်ဆောင်ပေးသူသည် အခြားအဖွဲ့ဝင်နိုင်ငံတွင် ပိုမို၍ အလွယ်တကူ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံ (၂) နိုင်ငံ (သို့မဟုတ်) ယင်းထက်ပိုသည့် AANZFTA အဖွဲ့ဝင်နိုင်ငံများက အပြန်အလှန်အသိအမှတ် ပြုသည့် သဘောတူညီချက်ကို ဆောင်ရွက်နိုင်ပါက အခြားအဖွဲ့ဝင်နိုင်ငံများကိုလည်း သဘောတူညီချက်တွင် ပါဝင်နိုင်ရေး ဆွေးနွေးခွင့်ပြုရပါမည်။

၂၅။ **အချို့စီးပွားရေးလုပ်ငန်းများကိုတစ်ဦးတည်းအားလုပ်ပိုင်ခွင့်ပေးခြင်း ။** ။ AANZFTA အစိုးရတစ်ခု အနေဖြင့် ဈေးကွက်တွင် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို လုပ်ငန်းရှင် တစ်ဦးတည်းအား လုပ်ကိုင်ခွင့်ပြုပါက၊ အဆိုပါ လုပ်ငန်းသည် အစိုးရက ကတိပြုထားသည့် သီးခြားကတိကဝတ်များတွင် ပါဝင်သည့် လုပ်ငန်းမဖြစ်စေရပါ။

၂၆။ အလားတူပင်အစိုးရအနေဖြင့် ယှဥ်ပြိုင်မှုကို ထိန်းချုပ်ရန်နှင့် ကုန်သွယ်မှုကို ထိန်းချုပ်ရန်အတွက် ဝန်ဆောင်မှု လုပ်ငန်းရှင်တစ်ဦးအား ခွင့်ပြုသည်ဟု စွပ်စွဲခြင်းခံရပါက၊ ယှဥ်ပြိုင်မှုကိုဆန့်ကျင်သည့် အလေ့အကျင့်အား ဖယ်ရှားနိုင်ရန်အတွက် စေ့စပ်ဆွေးနွေးမှုကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂၇။ **အကျိုးခံစားခွင့်အားငြင်းပယ်ခြင်း ။** ။အခြားခံစားခွင့်ရှိသော ကုန်သွယ်မှုစာချုပ်များကဲ့သို့ပင် AANZFTA သည် အဖွဲ့ဝင်မဟုတ်သော နိုင်ငံများသို့ ပေးအပ်ခြင်းမရှိသော ဒေသတွင်းလုပ်ငန်းများနှင့် ဝန်ဆောင်မှု လုပ်ငန်းများအတွက် အကျိုးခံစားခွင့်များရရှိရန် ရည်ရွယ်ထားပါသည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် အခန်း (၈) ၏ ပုဒ်မ (၂၁) တွင် အဖွဲ့ဝင် နိုင်ငံများအနေဖြင့် ဤသဘောတူစာချုပ်၏ အကျိုးခံစားခွင့်ကို အဖွဲ့ဝင်မဟုတ်သော နိုင်ငံများအပေါ် အောက်ဖော်ပြပါကိစ္စများနှင့်ပတ်သက်၍ ငြင်းပယ်ခွင့်ပြုသင့်ပါသည် -

- ဝန်ဆောင်မှုပေးသူသည် ဝန်ဆောင်မှုကို အဖွဲ့ဝင်နိုင်ငံ မဟုတ်သော နိုင်ငံမှ/ (သို့မဟုတ်) အဖွဲ့ဝင် မဟုတ်သော နိုင်ငံထဲမှ ဆောင်ရွက်ပေးပါက၊
- အကယ်၍ ရေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုတွင် အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံ၏ဥပဒေဖြင့် မှတ်ပုံတင်ထားသည့် ယာဥ်ဖြင့် ဆောင်ရွက်ခြင်းနှင့် ယာဥ်အား မောင်းနှင်အသုံးပြုသည့် ပုဂ္ဂိုလ်သည် အဖွဲ့ဝင်နိုင်ငံ မဟုတ်သည့်နိုင်ငံမှ ဆောင်ရွက်ခြင်းများ ဖြစ်ပါက၊
- ဝန်ဆောင်မှုပေးသူသည် အခြားအဖွဲ့ဝင်နိုင်ငံ၏ ဝန်ဆောင်မှုပေးသူ မဟုတ်ပါက၊

၂၈။ **အရေးကြီးသောအဓိကအချက်များ။** ။ AANZFTA သဘောတူစာချုပ်အား အသက်ဝင်နေစေရန်နှင့် သုံးသပ်ဆောင်ရွက်နိုင်စေရန်အတွက် လုပ်ငန်းအဖွဲ့များကို တည်ထောင်ထားပါသည်။ ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာကော်မတီတစ်ရပ်ကို ထူထောင်ထားပြီး၊ ဤသဘောတူစာချုပ် အသက်ဝင်ပြီး နောက် (၃) နှစ်ကြာလျှင် AANZFTA အဖွဲ့ဝင်နိုင်ငံများ၏ ကတိကဝတ်များအား ပြန်လည်သုံးသပ်ရန် တာဝန်ရှိပါသည်။ ဝန်ဆောင်မှုအတွက် အရေးပေါ် safeguard နှင့်ပတ်သက်၍ မေးခွန်းဖြစ်ပေါ်လာပြီး အဆိုပါ မေးခွန်းအပေါ် WTO စေ့စပ်ဆွေးနွေးမှုများ၌ AANZFTA စာချုပ် အသက်ဝင်ပြီး (၃) နှစ်အတွင်း သဘောတူညီမှု မရသေးပါကအဆိုပါကော်မတီမှ စဥ်းစားဆုံးဖြတ်ပေးရမည် ဖြစ်ပါ သည်။ အဆိုပါကော်မတီသည် အကောင် အထည်ဖော်ရာတွင် တွေ့ကြုံရသည့် မည်သည့် အကြောင်း အရာများကို မဆိုပါဝင်ဆောင်ရွက် ပေးရမည် ဖြစ်ပါသည်။

၂၉။ **ဘဏ္ဍာရေးနှင့်ဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုများ ။** ။ ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍများကို AANZFTA လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်တွင် အထူးနည်းလမ်းဖြင့် ဆောင်ရွက်ခွင့် ပြုထားပါသည်။

**ရင်းနှီးမြှုပ်နှံမှု (AANZFTA ၏ အခန်း (၁၁))**

၃၀။ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများသည် စီးပွားရေးလောကတွင် တစ်ခုနှင့်တစ်ခုဆက်နွယ်လျက်ရှိသည်ကို အငြင်းမပွားနိုင်ပါ။ သို့ဖြစ်ရာ နိုင်ငံများအနေဖြင့် ခေတ်နှင့်အညီ လွတ်လပ်သောကုန်သွယ်မှုဒေသ စေ့စပ်ဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်နေသောအချက်များလည်း ပါဝင်လျက်ရှိပါသည်။ AANZFTA အခန်း (၁၁) တွင် ရင်းနှီးမြှုပ်နှံမှုများသည် ဒေသတွင်း၌ စီးပွားရေးဆောင်ရွက်လျက် ရှိသူများအနေဖြင့် စီးပွားရေး အကျိုးအမြတ်ကို ခံစားရရှိစေရန် ရည်ရွယ်ပါသည်။

၃၁။ ရင်းနှီးမြှုပ်နှံမှုအတွက် AANZFTA တွင် ရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရတို့ ဖြစ်ပွားသော အငြင်းပွားမှုများကို ဖြေရှင်းပေးရန်နှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးရန် အတိုင်းအတာတစ်ခုကို ပေးအပ်ထားပါသည်။ ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ AANZFTA အဖွဲ့ဝင်များ၏ အဓိကတာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ရင်းနှီးမြှုပ်နှံမှုတွင် တရားမျှတပြီး၊ ညီမျှသောဆက်ဆံရေးဖြစ်စေရန်၊

(၂) အခြားအဖွဲ့ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများကို နိုင်ငံအတွင်းရှိရင်းနှီးမြှုပ်နှံသူများနှင့် တန်းတူဆက်ဆံရန်၊

(၃) ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်နေသော ငွေကြေးလွှဲပြောင်းခြင်းကိစ္စများ (အချို့သောကိစ္စရပ်များမှအပ ဥပမာ- ငွေကြေးခဝါချခြင်းမှအပ) ကို နှောင့်နှေးခြင်းမရှိစေဘဲ လွတ်လပ်စွာ ခွင့်ပြုရန်၊

(၄) ရင်းနှီးမြှုပ်နှံမှုအတွက်ပြည်သူပိုင်ပြုလုပ်ခြင်း (သို့မဟုတ်) သိမ်းယူခြင်းကိစ္စရပ်များသည် မည်သည့်အကြောင်းနှင့်မဆို ပြည်သူ့အကျိုးငှာနှင့် ခွဲခြားဆက်ဆံမှုမပြုသည့်အပြုအမူဖြင့် ဥပဒေကြောင်းအရ ဆောင်ရွက်ခြင်းဖြစ်ကြောင်းသေချာစေရန်၊

**Box 2 ; အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန်လွတ်လပ်သောကုန်သွယ်မှုဒေသ၏ ရင်းနှီးမြှုပ်နှံမှုဟူသော အဓိပ္ပါယ်**

ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူမှ ပိုင်ဆိုင်ခြင်း (သို့မဟုတ်) ထိန်းချုပ်ထားသော ကိစ္စရပ်အားလုံးကိုဆိုလိုပြီး အောက်ဖော်ပြပါအချက်များတွင် ကန့်သတ်ချက်မပြုရပါ -

- ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် ပိုင်ဆိုင်မှုအခွင့်အလမ်းများ (အပေါင်စာချုပ်၊ ရယူပိုင်ခွင့် (သို့မဟုတ်) အာမခံပစ္စည်း )၊
- အစုရှယ်ယာ၊ စတော့ရှယ်ယာ၊ စာချုပ်များနှင့် ငွေချေးလက်မှတ်၊ တရားဥပဒေကြောင်းအရ အကျုံးဝင်သည့်ပုဂ္ဂိုလ်နှင့် အခွင့်အရေးတွင်ပါဝင်ဆောင်ရွက်လိုခြင်း၊
- အဖွဲ့ဝင်နိုင်ငံများ၏ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအရ အသိအမှတ်ပြုထားသော မူပိုင်ခွင့်ဆိုင်ရာ အခွင့်အလမ်းများ၊
- စီးပွားရေးနှင့်ဆက်စပ်၍ ဆောင်ရွက်သည့် စာချုပ်ဆိုင်ရာ ဆောင်ရွက်ချက်များ (သို့မဟုတ်) ငွေကြေးရှင်းလင်းခြင်း၊
- စာချုပ်ပါအခွင့်အလမ်းများ ( ဆောက်လုပ်ရေး၊ စီမံခန့်ခွဲရေး၊ ထုတ်လုပ်ရေး (သို့မဟုတ်) အခွန်မျှဝေသည့်စာချုပ်များ )၊
- စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းပိုင်းဆိုင်ရာကိစ္စများ၊

၃၂။ **လုပ်ငန်းအစီအစဉ်။** ။ ဤအခန်း၏ ပုဒ်မ (၁၆) တွင် သီးသန့်အစီအစဉ်ဇယား၊ ဈေးကွက်ဝင်ခွင့်အခွင့်အလမ်းစသည့် ကိစ္စရပ်များအပေါ် ဆွေးနွေးနိုင်မည့် လုပ်ငန်းအစီအစဉ်ကို ဖော်ပြထားပါသည်။

၃၃။ **ပွင့်လင်းထင်သာမြင်သာမှု ရှိခြင်း။** ။ အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများသည် ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်များတွင် ဖော်ပြထားသည့် သတင်းအချက်အလက်များ၊ သက်ဆိုင်ရာအချက်အလက်များကို အင်တာနက်တွင်ဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းတို့ကိုဆောင်ရွက်ရန် တာဝန်ရှိပြီး လုပ်ငန်းရှင်များအနေဖြင့် ယင်းမှအကျိုးကျေးဇူးကို ရယူခံစားနိုင်ကြမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချို့အချက်များမှာ ဆွေးနွေးဆဲဖြစ်သဖြင့်၊ အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများသည် အဆိုပါအချက်များ အတည်မပြုမီကာလအတွင်း မိမိတို့ပြည်တွင်းရှိ သက်ဆိုရာအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်ကို ရယူဆောင်ရွက်ရပါမည်။

၃၄။ **စီမံခန့်ခွဲမှုကိစ္စရပ်များတွင် မျှတစွာဆောင်ရွက်ပေးခြင်း။** ။ အဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်လျှက်ရှိသော စီးပွားရေး လုပ်ငန်း ရှင်များနှင့် လုပ်ငန်းများအား စီမံခန့်ခွဲမှု နည်းလမ်းများဖြင့် ကောင်းမွန်စွာကာကွယ်ပေးထားပါသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်နေသောအချက်များကို ဆောင်ရွက်သူများအနေဖြင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအား စတင်ဆောင်ရွက်ရန်အတွက် အသိပေးရမည်ဖြစ်ပြီး ၎င်းတို့သိရှိလိုသည်များကို ခိုင်လုံသော အထောက်အထားဖြင့် မေးမြန်းပါက အစိုးရအနေဖြင့် ဖြေကြားရန် တာဝန်ရှိပါသည်။ အဖွဲ့ဝင်နိုင်ငံအစိုးရများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်သည့် ပြန်လည်သုံးသပ်မှုများနှင့် ပြန်လည်ပြင်ဆင်ခြင်းတို့အတွက် ဥပဒေကြောင်းအရ (သို့မဟုတ်) စီမံခန့်ခွဲရေး ဆိုင်ရာခုံသမာဓိအဖွဲ့များ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ထားရန် လိုအပ်ပါသည်။ အဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏ အနေအထားကို ထောက်ခံရန် (သို့မဟုတ်) ငြင်းပယ်ရန်အတွက် သင့်တော်သောအခွင့်အရေးပေးရမည်ဖြစ်ပြီး၊ နိုင်ငံဥပဒေနှင့်အညီ အဆုံးအဖြတ်ပေးပိုင်ခွင့်ရှိပါသည်။ အကယ်၍ ဆန့်ကျင်ဘက် (မျှော်လင့်မထားသော) ရလဒ်များ ထွက်ပေါ်လာပါက အယူခံဝင်ခွင့်ကိုပါ ပေးအပ်ရမည်ဖြစ်ပါသည်။

၃၅။ **ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံအစိုးရတို့အကြား အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာကိစ္စရပ်များ ။** ။ အဖွဲ့ဝင်နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သောပြဿနာရပ်များ ဖြစ်ပေါ်လာနိုင်ကြောင်း အသိအမှတ်ပြုပါသည်။ သို့ဖြစ်ရာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အငြင်းပွားဖွယ်ကိစ္စရပ်များဖြစ်ပွားလာသည့်အခါ သက်ဆိုင်ရာအစိုးရနှင့် မည်ကဲ့သို့ စတင်စေ့စပ်ဆွေးနွေးရမည်နှင့် ရင်းနှီးမြှုပ်နှံသူ အနေဖြင့် ဖြေရှင်းပေး ရန် (သို့မဟုတ်) ဖျန်ဖြေပေးရန်အတွက် မည်သို့တင်ပြဆောင်ရွက်ရမည်ဟူသော အသေးစိတ် အချက်အလက်များကိုလည်းဖော်ပြထားပါသည်။ AANZFTA တွင်ပါဝင်သော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူနှင့် အစိုးရတို့အကြားဖြစ်ပွားသော အငြင်းပွားမှုများတွင် စွဲချက်တင်သော ရင်းနှီးမြှုပ်နှံသူအနေဖြင့် အငြင်းပွားမှုကို ဖြေရှင်းနိုင်ရန်အတွက် အောက်ဖော်ပြပါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ပါသည် -

- ဗီယက်နမ် ( သို့မဟုတ် ) ဖိလစ်ပိုင် အစိုးရများအား စွဲချက်တင်သည့်ကိစ္စတွင် အဆိုပါနိုင်ငံများ၏ တရားရုံး (သို့မဟုတ်) သမာဓိခုံအဖွဲ့ကိုတင်ပြခြင်း၊
- ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြဿနာများ ဖြေရှင်းရေးအပြည်ပြည်ဆိုင်ရာ ဗဟိုဌာန (ICSID) အဖွဲ့ဝင်အားလုံးတက်ရောက်သည့် ညီလာခံသို့တင်ပြခြင်း၊

ICSIDတွင် ထပ်မံဖြည့်စွက်ထားသည့် အဆင်ပြေချောမွေ့စေရေး စည်းမျဉ်းများအရ အငြင်းပွားမှုဖြစ်သည့် အဖွဲ့ဝင်နှင့် အခြားအဖွဲ့ဝင်များ ပူးပေါင်းတင်ပြခြင်း၊

ကမ္ဘာ့ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဥပဒေကော်မရှင်၏ စီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများအရ တင်ပြခြင်း (သို့မဟုတ်)

- အငြင်းပွားသည့်အဖွဲ့ဝင်များမှ သဘောတူပါက အခြားခုံသမာဓိအဖွဲ့အစည်း (သို့မဟုတ်) အခြားခုံသမာဓိဆိုင်ရာ ဥပဒေများအရလည်းကောင်း တင်ပြဆောင်ရွက်ခြင်း

၃၆။ ရင်းနှီးမြှုပ်နှံမှုအခန်းတွင် ရင်းနှီးမြှုပ်နှံသူများမှ တင်ပြလာသော အငြင်းပွားမှုနှင့် ပတ်သက်သည့် စွဲချက်များ တင်ပြရမည့်အခြေအနေ၊ ကန့်သတ်ချက်များနှင့် ဆက်စပ်နေသည့် အသေးစိတ် အချက်အလက်များ၊ ခုံသမာဓိများ ရွေးချယ်ရန်စည်းမျဉ်းများ၊ ခုံသမာဓိဖွဲ့ခြင်းနှင့် ဆောင်ရွက်သည့်လုပ်ထုံးလုပ်နည်းများ ပါဝင်ပါသည်။

**မူပိုင်ခွင့် ( AANZFTA ၏ အခန်း (၁၃) )**

၃၇။**ကုန်သွယ်မှုနှင့် ဆက်နွယ်နေသော အနုညာဏဆိုင်ရာ မူပိုင်ခွင့်အား ပြင်ဆင်မွမ်းမံခြင်း။** ။ AANZFTA အခန်း (၁၃) ပါ မူပိုင်ခွင့်ဆိုင်ရာ အချက်အလက်များသည် WTO ၏ ကုန်သွယ်မှုနှင့် ဆက်နွယ်နေသော အနုညာဏဆိုင်ရာ မူပိုင်ခွင့်သဘောတူချက် (TIRPS) ပါအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားနှင့် ရပိုင်ခွင့်များထက် သာလွန်စေရန် ဆောင်ရွက်ထားပါသည်။ TIRPS သဘောတူစာချုပ်သည် ၁၉၉၃ ခုနှစ်မှ စတင်အသက်ဝင်သည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာမူပိုင်ခွင့်သဘောတူစာချုပ်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အကောင်အထည်ဖော်ခြင်းများအား အထောက်အပံ့ရစေရန် ရည်ရွယ်၍ မူပိုင်ခွင့်အား ပြင်ဆင်မွမ်းမံဆောင်ရွက်ထားပါသည်။ စီးပွားရေး အသိုက်အဝန်းအတွက် အဓိကကျသည့် သဘောတူညီမှုများမှာအောက်ပါအတိုင်းဖြစ်ပါသည် -

- ၂၀၀၆ စက်ာပူကုန်ပစ္စည်းအမှတ်တံဆိပ်ဆိုင်ရာဥပဒေ သဘောတူစာချုပ်
- ၁၉၉၆ ကမ္ဘာ့အနုညာဏပစ္စည်းဆိုင်ရာအဖွဲ့၏ မူပိုင်ခွင့်နှင့် သက်ဆိုင်သည့် သဘောတူစာချုပ်
- ၁၉၉၆ ကမ္ဘာ့အနုညာဏပစ္စည်းဆိုင်ရာအဖွဲ့၏ ဆောင်ရွက်ချက်နှင့် Phonograms သဘောတူစာချုပ်

၃၈။ **ပွင့်လင်းထင်သာမြင်သာမှုရှိခြင်း။** ။AANZFTA ၏ မူပိုင်ခွင့်ဆိုင်ရာအခန်းတွင် မူပိုင်ခွင့်ကာကွယ်ခြင်းဆိုင်ရာ အထူးဝတ္တရားများ၊ အစိုးရက အသုံးပြုသည့် ဆော့ဝဲလ်များနှင့် ပွင့်လင်းထင်သာမြင်သာမှုရှိခြင်းတို့ ပါဝင်ပါသည်။ စီးပွားရေးအသိုက်အဝန်းက စိတ်ဝင်စားသော ယင်းနှင့်သက်ဆိုင်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အာဏာသက်ရောက်မှု၊ တားဆီးကာကွယ်မှု၊ အလွဲသုံးစားပြုမှု စသည်များကို အမျိုးသားဘာသာစကား (သို့) အင်္ဂလိပ်ဘာသာဖြင့် အများပြည်သူ သိရှိနားလည်စေရေးဆောင်ရွက်ရန် အစိုးရများတွင် တာဝန်ရှိပါသည်။

**Box; 3 - အီလက်ထရောနစ်နည်းလမ်းဖြင့် စစ်ဆေးခြင်းနှင့် ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်များ**

AANZFTA အခန်း (၁၀) ၏ ပုဒ်မ (၅)

၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အီလက်ထရောနစ်နည်းလမ်းဖြင့်စစ်ဆေးခြင်းအတွက်နိုင်ငံတကာ သတ်မှတ်ချက်များကို အခြေခံသောအတိုင်းအတာများကို ထိန်းသိမ်းခြင်း(သို့မဟုတ်) လက်တွေ့ကျကျ ချမှတ်ဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်ဖြစ်ပါသည် -

(က) သင့်တော်သောစစ်ဆေးသည့် နည်းပညာကို ဆုံးဖြတ်ရန်အတွက် အီလက်ထရောနစ်လုပ်ငန်းများနှင့် အီလက်ထရောနစ်လုပ်ငန်းများအတွက် အသုံးပြုမည့်နည်းလမ်းများပါဝင်ဆောင်ရွက်ခြင်းကို ခွင့်ပြုရန်၊

(ခ) စစ်ဆေးသည့်နည်းပညာနှင့် အကောင်အထည်ဖော်သည့်နည်းလမ်းများအား အသိအမှတ်ပြုခြင်းအား ကန့်သတ်ခြင်းမပြုရန်၊

(ဂ) အီလက်ထရောနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်မည့် လုပ်ငန်းများသည် အဖွဲ့ဝင်နိုင်ငံ၏ ပြည်တွင်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ကြောင်းကို သက်သေပြနိုင်ပါက အီလက်ထရောနစ်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုရန်၊

၃၉။ အဖွဲ့ဝင်နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာမှ သဘောတူလက်ခံသည့် အစိုးရအသိအမှတ်ပြုထားသည့် ဒီဂျစ်တယ်သက်သေခံလက်မှတ်များနှင့် အီလက်ထရောနစ်ဖြင့် လက်မှတ်ရေးထိုးမှုများကို အပြန်အလှန်အသိအမှတ်ပြုရေး ရှေ့ရှုဆောင်ရွက်ရမည်။

၄၀။ အဖွဲ့ဝင်နိုင်ငံများသည် စီးပွားရေးလုပ်ငန်းများက ဒီဂျစ်တယ်သက်သေခံလက်မှတ်များ အပြန်အလှန်အသုံးပြုရေးကို တွန်းအားပေး ဆောင်ရွက်ရမည်။

၄၁။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မူပိုင်ခွင့်ကာကွယ်ခြင်းနှင့်ပတ်သက်သည့် ဥပဒေကြောင်းအရ ဆုံးဖြတ်ချက်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာစည်းမျဉ်းများအား ပြည်သူလူထုသို့ အသိပညာပေးရန်တာဝန်ရှိပါသည်။ အကယ်၍ဖြစ်နိုင်ပါက အင်တာနက်တွင်လည်းကြည့်ရှုနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ တရားစီရင်ပိုင်ခွင့်အတွင်း မှတ်ပုံတင်ရန်ဆောင်ရွက်နေဆဲနှင့် မှတ်ပုံတင်ထားသည့် ကုန်သွယ်မှု အမှတ်အသားတံဆိပ် မူပိုင်ခွင့်အားလုံးကို အင်တာနက်တွင် သတင်းအချက်အလက်ဘဏ် ( Database ) ဖြင့် ဖော်ပြရန်တာဝန်ရှိပါသည်။

၄၂။**အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေး။** ။(AANZFTA၏အခန်း(၁၀) )အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး မူဘောင်ကို AANZFTA ၏ အခန်း (၁၀) တွင် ထည့်သွင်းထားပါသည်။ အစိုးရများအနေဖြင့် (United Nations Commission on International Trade Law - UNCITRAL) မှချမှတ်ထားသည့် အီလက်ထရောနစ် ကုန်သွယ်မှုဆိုင်ရာ (၁၉၉၆) ဥပဒေနှင့်ကိုက်ညီသော အီလက်ထရောနစ်စနစ်ဖြင့် ဆောင်ရွက်သည့် ပြည်တွင်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကိုချမှတ်ရန် (သို့မဟုတ်) ပြုပြင်ဆောင်ရွက်ရန်တာဝန်ရှိပါသည်။ မူဘောင်တစိတ်တပိုင်းအနေဖြင့် AANZFTA အဖွဲ့ဝင်နိုင်ငံများသည်

အီလက်ထရောနစ်စနစ်ဖြင့် စစ်ဆေးရန် Online ဖြင့် စားသုံးသူအကာအကွယ်ပေးခြင်းနှင့် Online ဖြင့်အချက်အလက်ကာကွယ်ရေးတို့အတွက် အတိုင်းအတာများကိုစတင်ရန် (သို့မဟုတ်) ဆက်လက်ထိန်းသိမ်းရန်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံ အစိုးရများအနေဖြင့် စာရွက်စာတမ်းမဲ့ ကုန်သွယ်မှုပြုလုပ်ရေးကို ဦးစွာဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ဒေသတွင်းတွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် သဘောတူစာချုပ်သည် ကမ္ဘာ့အကောက်ခွန်အဖွဲ့ (World Customs Organization - WCO) ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများတွင် သဘောတူညီထားသော နည်းလမ်းများကို အခြေခံထားသည့် အီလက်ထရောနစ်ဖြင့် ကုန်သွယ်မှုအထောက်အထားစာရွက်စာတမ်းများကို လက်ခံနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၄၃။ အီလက်ထရောနစ်ကုန်သွယ်မှုစနစ်တွင် ပွင့်လင်းထင်သာမြင်သာမှုရှိစေရန်အတွက် အီလက်ထရောနစ်ကုန်သွယ်မှုစနစ် အတွက် ယေဘူယျအသုံးပြုမှုဆိုင်ရာ စီမံခန့်ခွဲမှုများကို ပြည်သူလူထုမှ အလွယ်တကူ သိရှိနိုင်ရေး ဆောင်ရွက်ထားရန် (သို့မဟုတ်) ထုတ်ဝေထားရန်နှင့် အီလက်ထရောနစ်စနစ်ဖြင့် ကုန်သွယ်မှုအထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ခြင်းတို့ကို ပြည်သူလူထုမှ သိရှိနိုင်ရန် တိုးမြှင့်ဆောင်ရွက်ထားရန် ဖြစ်ပါသည်။

၄၄။ အထက်ဖော်ပြပါအချက်အလက်များသည်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စာရွက်စာတမ်းမဲ့ ကုန်သွယ်မှုကို အီလက်ထရောနစ်ကုန်သွယ်မှုနှင့် တွဲဖက်လျှက်အကျိုးရှိစေရန်၊ ငွေကြေးအကုန်အကျသက်သာမှုများမှ အကျိုး ကျေးဇူး ရရှိနိုင်သည့် ပတ်ဝန်းကျင်တစ်ရပ်ကို တိုးမြှင့်ဆောင်ရွက်စေရန်နှင့် ၎င်းတို့ကိုဆောင်ရွက်ခြင်းဖြင့် ကမ္ဘာပေါ်တွင် ဦးဆောင်လျှက်ရှိသော FTA များ၌ AANZFTA ဒေသသည် တစ်ခုအပါအဝင်ဖြစ်ကြောင်း သက်သေပြနိုင်ရန် ဖြစ်ပါသည်။

**ယှဉ်ပြိုင်မှုမူဝါဒ (AANZFTA ၏အခန်း ၁၄ )**

၄၅။ AANZFTA ဒေသတွင်းတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယှဉ်ပြိုင်မှုမူဝါဒအားချည်းကပ်ပုံများမှာ သိသိသာသာ ကွဲပြား ခြားနားလျှက်ရှိပြီး အစိုးရများ၏ ယှဉ်ပြိုင်မှုမူဝါဒစနစ်အား ထိန်းသိမ်းရန် (သို့မဟုတ်) ကျင့်သုံးရန် အတတ် ပညာ များတွင်လည်း သိသာထင်ရှားစွာ ကွာဟလျှက်ရှိပါသည်။

၄၆။ သို့ဖြစ်ရာ AANZFTA သည် အဖွဲ့ဝင်နိုင်ငံများအကြားတွင် ကျင့်သုံးလျှက်ရှိသည့် ယှဉ်ပြိုင်မှုမူဝါဒနှင့် ပတ်သက်၍ တာဝန်ဝတ္တရားအသစ်များကို ဖန်တီးခြင်းမပြုပါ။ ၎င်းအစား FTA တွင် သြစတြေးလျ၊ နယူးဇီလန်တို့အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ယှဉ်ပြိုင်မှုနှင့် ပတ်သက်သည့် မည်သည့်ဆောင်ရွက်မှုကို မဆို အကူအညီပေးရန်သင့်တော်သော ပူးပေါင်းဆောင်ရွက်မှုကို သဘောတူညီနိုင်မည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်တစ်ရပ်ကို ထူထောင်ထားပါသည်။

**စီးပွားရေးလုပ်ငန်းရှင်များယာယီရွှေ့ပြောင်းသွားလာခြင်း (AANZFTA ၏အခန်း (၉))**

၄၇။ ယနေ့ခေတ်တွင် နိုင်ငံခြားဈေးကွက်များ၌ စီးပွားရေးလုပ်ငန်းများကို အကျိုးရှိရှိဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေး ကိုယ်စားလှယ်များကို အဆိုပါဈေးကွက်များတွင် ကာလတိုသွားရောက်တာဝန်ထမ်းဆောင်စေရန် မကြာခဏလိုအပ်လျှက်ရှိပါသည်။ (ဥပမာ - ကုန်ပစ္စည်းများအရောင်းအဝယ်စာချုပ်အတွက် ဆွေးနွေးခြင်း၊ ဖောက်သည်ထံသို့ ဝန်ဆောင်မှုများ ဖြန့်ဖြူးပေးခြင်း ) အဆိုပါကိစ္စရပ်များကို WTO ၏ GATS သဘောတူစာချုပ်နှင့် အညီ ခေတ်မီလွတ်လပ်သော ကုန်သွယ်မှုဒေသအများစုတို့တွင် ဆောင်ရွက်လျှက် ရှိပါသည်။ AANZFTA တွင်

စီးပွားရေးလုပ်ငန်းရှင်များ ယာယီရွှေ့ပြောင်းသွားလာခြင်းနှင့် အဖွဲ့ဝင်နိုင်ငံများမှ ပေးထားသော ကတိကဝတ်အစီအစဥ်များ၏ အထွေထွေ ကတိကဝတ်များကို ပေါင်းစည်းထည့်သွင်းထားပါသည်။

၄၈။ AANZFTA ၏စီးပွားရေးလုပ်ငန်းရှင်များ ယာယီရွှေ့ပြောင်း သွားလာခြင်းဟူသော အခန်းတွင် စီးပွားရေးလုပ်ငန်းရှင်းများ ခေတ္တဝင်ထွက်ခွင့်ပြုခြင်း၊ ဝင်ခွင့်လျှောက်ထားသည့် လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ ပွင့်လင်းထင်သာမြင်သာမှုရှိစေရန်တို့ကို ဖော်ပြထားပါသည်။ အဖွဲ့ဝင်နိုင်ငံ၏ ပြည်တွင်းလူဝင်မှု ကြီးကြပ်ရေးမူဝါဒအား ဝင်ရောက်စွက်ဖက်သည်ဟု ထင်မြင်ယူဆနိုင်မည့် ကိစ္စရပ်များအား သဘောတူစာချုပ်တွင် ဖော်ပြထားခြင်း မပြုပါ။

၄၉။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယာယီရွှေ့ပြောင်း ဝင်ရောက်သွားလာသည့်ကိစ္စရပ်များအပေါ် ကောက်ခံသည့် အခကြေးငွေများသည် သင့်လျှော်မှုရှိပြီး ဝင်ရောက်မှုအတွက်လျှောက်ထားရမည့်လုပ်ထုံးလုပ်နည်းများသည် တရားမျှတ၍ သင့်တော်သည့် ကာလအတောအတွင်းဖြစ်ရန် တာဝန်ရှိပါသည်။ ယာယီဝင်ထွက်သွားလာမှုများ အဆင်ပြေစေရန်အတွက် အဖွဲ့ဝင် နိုင်ငံများအနေဖြင့် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးလုပ်ထုံးလုပ်နည်းများ ၊ AANZFTA ပါအချက်များနှင့် လိုက်လျော ညီထွေရှိသည့် ယာယီဝင်ရောက်သွားလာခြင်းနှင့် ပတ်သက်သည့်လိုအပ်ချက် တို့ကို ရှင်းလင်းထားသည့် စာရွက်စာတမ်းများကို အများသိရှိနိုင်ရန် အတွက် ပုံနှိပ်ထုတ်ဝေထားရန်တာဝန် ရှိပါသည်။

၅၀။ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့အနေဖြင့် လူပုဂ္ဂိုလ်များ ယာယီရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်သည့် ကတိကဝတ်များကို AANZFTA ၏ နောက်ဆက်တွဲ (၄) တွင် ဖော်ပြထားပြီး စိတ်ပါဝင်စားသူများအနေဖြင့် www.asean.org တွင် လေ့လာကြည့်ရှုနိုင်ပါသည်။

## အပိုင်း (၃)

## အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှု ဒေသ ၏ ကုန်သွယ်မှု ကို လျှင်မြန်ချောမွေ့စေမည့် လက္ခဏာရပ်များ

၅၁။ ကုန်စည်နှင့် ဝန်ဆောင်မှု ကုန်သွယ်ရေးများတွင် အတားအဆီးများကို ဖယ်ရှားခြင်းဖြင့် ASEAN တင်ပို့သူများအတွင်း ဈေးကွက်ဝင်ခွင့် အခွင့်အလမ်းအသစ်များ ဖန်တီးပေးသည့်အပြင်၊ AANZFTA သည် ဒေသတွင်း ကုန်သွယ်မှုပြုရာတွင် ပိုမိုလွယ်ကူပြီး ငွေကုန်ကြေးကျသက်သာစေမည့် အရေးပါသော လက္ခဏာရပ်များတွင် ထည့်သွင်းထားပါသည်။ ခေတ်မှီပြီး လွယ်ကူစွာအသုံးပြုနိုင်မည့် ပင်ရင်းဒေသစည်းမျဉ်း၊ ရိုးရှင်းသော အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် ပွင့်လင်းထင်သာ မြင်သာရှိမှု တိုးတက်လာခြင်းတို့သည် FTA ၏ ကုန်သွယ်မှုကို ချောမွေ့စေမည့် လက္ခဏာအချို့ဖြစ်ပါသည်။

**ပင်ရင်းဒေသစည်းမျဉ်း (AANZFTA ၏ အခန်း ၃)**

၅၂။ AANZFTA တွင် အသုံးပြုသည့် ပင်ရင်းဒေသစည်းမျဉ်းသည် တင်ပို့သူအနေဖြင့် FTA မှ ရရှိနိုင်မည့် အခွင့်အရေးများ၏ အကျိုးရလဒ်များကို ကုန်ပစ္စည်းအများစုအတွက် ယင်းကုန်ပစ္စည်းသည် ပင်ရင်း ဟုတ်/ မဟုတ်ကို နည်းလမ်းနှစ်သွယ်ဖြင့် စမ်းသပ်စစ်ဆေးနိုင်ပါသည်။

၅၃။ အကောက်ခွန်ခေါင်းစဥ်ခွဲအားလုံး၏ ၈၃% အတွက် AANZFTA ၏ ပင်ရင်းဒေသစည်းမျဉ်းသည် တင်ပို့သူအနေဖြင့် ဒေသတွင်းပစ္စည်း ပါဝင်မှုတန်ဖိုး (RVC) စည်းမျဉ်း (သို့) အကောက်ခွန် ခွဲခြားသတ်မှတ်သည့် ကုန်စည်လိုင်းပြောင်းလဲခြင်း (CTC) ဖြင့် ဆောင်ရွက်နိုင်သော နည်းလမ်း ၂ သွယ်ကို အခြေခံထားပါသည်။ အကောက်ခွန်ခေါင်းစဥ်ခွဲများ၏ ၁၀% အတွက်ကိုမူ အကောက်ခွန် ခွဲခြားသတ်မှတ်မှု ပြောင်းလဲခြင်း (CTC) တစ်ခုတည်းကိုသာ အသုံးပြုနိုင်မည်ဖြစ်ပြီး၊ အကောက်ခွန် ခေါင်းစဥ်ခွဲ စုစုပေါင်း ၁% (အထူးသဖြင့် မော်တော်ယာဥ်ကဏ္ဍ) အတွက်ကိုမူ ဒေသတွင်းပါဝင်မှုတန်ဖိုး (RVC) စည်းမျဉ်းကိုသာ အသုံးပြုမည်ဖြစ်ပါသည်။

၅၄။ အကောက်ခွန်ခေါင်းစဥ်ခွဲ စုစုပေါင်း၏ ၁.၄% ရှိသော အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများကိုမူ အထူးစည်းမျဉ်းများဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။ သာမန်သီးသန့်စည်းမျဉ်းဆိုင်ရာ ပင်ရင်းဒေသစည်းမျဉ်းများသည် ကျန်ရှိနေသော အကောက်ခွန်ခေါင်းစဥ်ခွဲ ၄.၅%နှင့် သက်ဆိုင်ခြင်းမရှိဘဲ အဆိုပါလိုင်းများသည် AANZFTA ဒေသတွင်းတွင် အပြည့်အဝထုတ်လုပ်ခဲ့သည့် ကုန်ပစ္စည်းများဖြစ်ရန် လိုအပ်ပါသည်။

၅၅။ နောက်ဆုံးအနေဖြင့် ဓါတုပစ္စည်းအကောက်ခွန်ခေါင်းစဥ်ခွဲများ၏ သုံးပုံနှစ်ပုံအနေဖြင့်မူ အကယ်၍ ၎င်းကုန်ပစ္စည်းများသည် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း အသိအမှတ်ပြုရန်အတွက် လိုအပ်သည့် RVC နှင့် CTC ပြောင်းလဲခြင်းစသည့် ပင်ရင်းဒေသစည်းမျဉ်းများနှင့် ကိုက်ညီခြင်း မရှိပါက ဓါတုဓါတ်ပြုစည်းမျဉ်းကို အသုံးပြုနိုင်ပါသည်။

၅၆။ AANZFTA ပင်ရင်းဒေသစည်းမျဉ်းအသုံးပြုရာတွင် အကောက်ခွန်လျှော့ပေါ့ သက်သာခွင့်နှင့်ကိုက်ညီစေရန် တွက်ချက်ရာ၌ ဒေသတွင်း ပစ္စည်းပါဝင်မှုတန်ဖိုး တွက်ချက်ရန်အတွက် ပင်ရင်းဒေသစည်းမျဉ်း များသည် အထောက်အကူပြုပါသည်။ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုအထောက်အကူပြုစေသည့် ဒေသတွင်း ပေါင်းစပ်ပါဝင်မှုကို ထုတ်လုပ်မှုကဏ္ဍ၌ထည့်သွင်း ခွင့်ပြုထားခြင်းသည် ဒေသတွင်းပစ္စည်း ထောက်ပံ့မှုကွင်းဆက်ကို အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

၅၇။ AANZFTA ပင်ရင်းဒေသစည်းမျဉ်းစနစ်တွင် AANZFTA အဖွဲ့ဝင်နိုင်ငံတစ်ခုမှ ပင်ရင်းကုန်ပစ္စည်းကို အသုံးပြု၍ အခြားအဖွဲ့ဝင်နိုင်ငံတစ်ခုတွင် ထုတ်လုပ်ပါက မူလနိုင်ငံမှ ကုန်ပစ္စည်းကို ကုန်ချောထုတ်လုပ်သည့် နိုင်ငံမှ ကုန်ပစ္စည်းကဲ့သို့ ပင်ရင်းဒေသထုတ်ကုန်အဖြစ် သတ်မှတ်ရန် တူညီစွာခွင့်ပြုပါသည်။ (ဥပမာ - ဗီယက်နမ်နိုင်ငံရှိ ထုတ်လုပ်သူ တစ်ဦးသည် စင်ကာပူနှင့် မလေးရှားနိုင်ငံတို့မှ တင်သွင်းလာသော အစိတ်အပိုင်းများနှင့် ပေါင်းစပ်ထုတ်လုပ်ပြီး AANZFTA အဖွဲ့ဝင်နိုင်ငံတစ်ခုထံသို့ တင်ပို့သည့်အခါ အဆိုပါ အစိတ်အပိုင်းများကို ဗီယက်နမ်နိုင်ငံ၏ အစိတ်အပိုင်းများကဲ့သို့ ပင်ရင်းကုန်ပစ္စည်းနှင့် ကိုက်ညီမှု ရှိ/ မရှိ တွက်ချက်ရာတွင် ကိုက်ညီရမည့် ပင်ရင်းဒေသစည်းမျဉ်း လိုအပ်ချက်များတွင် ထည့်သွင်းစဥ်းစားသကဲ့သို့ပင် ဆောင်ရွက်ရမည်။)

၅၈။ AANZFTA ၏ ပင်ရင်းဒေသစည်းမျဉ်းများကို ပို့ကုန်လုပ်ငန်းရှင်များ သိရှိနားလည်ပြီး အသုံးပြုရာတွင် အထောက်အကူပြုစေရန်အတွက် ပင်ရင်းဒေသစည်းမျဉ်းနှင့် သက်ဆိုက်သည့် လမ်းညွှန်စာစောင်ကိုလည်း အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ သီးခြားထုတ်ဝေထားပါသည်။

**AANZFTA တွင် ပါဝင်သော ကုန်သွယ်မှုလျင်မြန်ချောမွေ့စေမှု (AANZFTA ၏ အခန်း ၄)**

၅၉။ ထိရောက်၍ ပွင့်လင်းထင်သာ မြင်သာမှုရှိသော ၊ ခန့်မှန်းတွက်ချက်နိုင်သော ကုန်သွယ်မှုပတ်ဝန်းကျင်၊ နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်းများ၊ အလေ့အကျင့်ကောင်းများ၊ ရှင်းလင်းလွယ်ကူမှုရှိသည့် အကောက်ခွန် လုပ်ထုံးလုပ်နည်းများနိုင်ငံတကာကုန်သွယ်မှုပြုရာတွင် ကုန်ကျမည့် ကုန်ကျစရိတ်လျှော့ချခြင်း စသည်တို့သည် ယှဉ်ပြိုင်မှုရှိသော စီးပွားရေးပတ်ဝန်းကျင်ကို ဖန်တီးပါသည်။

၆၀။ AANZFTA ၏ အခန်းတစ်ခုဖြစ်သော အကောက်ခွန်လုပ်ထုံးလုပ်နည်းများ၏ ရည်ရွယ်ချက်များတွင် အဖွဲ့ဝင် နိုင်ငံများ၏ အကောက်ခွန်ဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများ အသုံးပြုရာ၌ ခန့်မှန်းတွက်ချက်နိုင်ခြင်း၊ ကျိုးကြောင်းဆီလျော်မှုရှိခြင်းနှင့် ပွင့်လင်းထင်သာ မြင်သာမှုရှိခြင်းတို့ သေချာစေရန်၊ ထိရောက်ပြီး စီးပွားရေးအရ စီမံခန့် ခွဲနိုင်သော အကောက်ခွန်လုပ်ထုံးလုပ်နည်းများဖြစ်စေရန်၊ ကုန်ပစ္စည်းများ လျင်မြန်စွာ ရှင်းလင်းသယ်ယူ ပို့ဆောင်နိုင်ရေးကို တိုးမြှင့်လုပ်ဆောင်ရန်နှင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများ ရှင်းလင်းမှုရှိစေရန်တို့ ပါဝင် ပါသည်။

၆၁။ အဆိုပါရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သတ်မှတ်ထားသည့် ဆောင်ရွက်ချက်များကို ဆောင်ရွက်ရန် ကတိကဝတ်ပြုထားကြပါသည်။ အဆိုပါ ဆောင်ရွက်ချက်များ ထိရောက်စွာ အကောင်အထည်ဖော်ခြင်းသည် အာဆီယံအနေဖြင့် ဩစတြေးလျ၊ နယူးဇီလန်တို့နှင့် ကုန်သွယ်မှုပြုရာတွင် အဆင်ပြေချောမွေ့မှုရှိစေမည်ဖြစ်ပြီး၊ ယှဥ်ပြိုင်နိုင်စွမ်းရှိသော လုပ်ငန်းအသိုက်အဝန်းကို ဖန်တီးနိုင်မည်ဟု မျှော်မှန်းနိုင်ပါသည်။

၆၂။ အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အလေ့အကျင့်များကို ကုန်ပစ္စည်း များ ရှင်းလင်းသယ်ယူပို့ဆောင်ရာတွင် ကြိုတင်ခန့်မှန်းနိုင်ခြင်း၊ လိုက်လျောညီထွေရှိခြင်း၊ ထင်သာမြင်သာမှုရှိခြင်း၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေခြင်း စသည်များကို သေချာရေရာစေရန် ဆောင်ရွက်ထား ကြရပါမည်။

၆၃။ အကောက်ခွန်ဥပဒေအရ ခွင့်ပြုနိုင်ပြီးဖြစ်နိုင်ခြေရှိသည့် AANZFTA အစိုးရများ၏ အကောက်ခွန် လုပ်ထုံးလုပ်နည်းများသည် ကမ္ဘာ့အကောက်ခွန်အဖွဲ့အစည်း (WCO) ၏ စံချိန်စံညွှန်းနှင့် အသိအမှတ်ပြုသော

လက်တွေ့လုပ်ဆောင်မှုများကို အခြေခံပါသည်။ အဖွဲ့ဝင်နိုင်ငံများ၏ အကောက်ခွန်စီမံခန့်ခွဲမှုအဖွဲ့မှ ရှင်းလင်းလွယ်ကူစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သော အကောက်ခွန်လုပ်ထုံးလုပ်နည်းကို ပြန်လည်သုံးသပ်မှုသည် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် AANZFTA တွင် ဆောင်ရွက်ရန် လိုအပ်သည့် ကတိခံဝန်မှု တစ်ခုလည်းဖြစ်ပါသည်။

၆၄။ ကုန်ပစ္စည်းများအား တန်ဖိုးတွက်ချက်ရာတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အကောက်ခွန်တန်ဖိုးတွက်ချက်ခြင်းဆိုင်ရာ သဘောတူစာချုပ်ပါအချက်များအရ ကုန်သွယ်မှုပြုသော ကုန်စည်များ၏ အကောက်ခွန်တန်ဖိုးကို စည်းကြပ်ရန် တာဝန်ရှိပါသည်။

၆၅။ AANZFTA အဖွဲ့ဝင်များသည် WCO မှ အသိအမှတ်ပြုထားသည့် စံချိန်စံညွှန်း၊ အလေ့အကျင့်ကောင်းများ၊ အဖွဲ့ဝင်နိုင်ငံအားလုံးတွင် ရရှိနိုင်သော အခြေခံအချက်အလက်များကို အီလက်ထရောနစ် အကောက်ခွန်ဆောင်ရွက်မှုစနစ်တွင် ထည့်သွင်းပုံစံချထားသည့် အလိုအလျောက်စနစ်ကို အသုံးပြုရန် စဥ်းစားဆောင်ရွက်ရမည်ဖြစ်ပါသည်။

၆၆။ ကြိုတင်စစ်ဆေးခြင်းနှင့်ပတ်သက်သော အချက်အလက်များအရ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အကောက်ခွန်ဌာန၏ စီမံခန့်ခွဲမှု၊ အကောက်ခွန်ခွဲခြားမှု၊ ပင်ရင်းနှင့် တွက်ချက်မှုဆိုင်ရာ စည်းမျဉ်းများအား ပုံနှိပ်ထုတ်ဝေထားရမည်။ ကြိုတင်စစ်ဆေးခြင်းသည် လုပ်ငန်းရှင်များအနေဖြင့် အချို့သောကုန်ပစ္စည်းများကို ၎င်းတို့က မတင်သွင်းမီ အကောက်ခွန်ဌာနမှ ကြိုတင်စစ်ဆေးနိုင်ရန်အတွက် တင်ပြလျှောက်ထားရာတွင် တိကျသေချာမှုရှိရန် အရေးကြီးပါသည်။ ကြိုတင်စစ်ဆေးခြင်းသည် နှောင့်နှေးကြန့်ကြာမှု၊ တိုင်ကြားမှု၊ အယူခံဝင်မှုများကို အတတ်နိုင်ဆုံးလျှော့နည်း သွားစေမည် ဖြစ်ပါသည်။

၆၇။ AANZFTA တွင် စွန့်စားခြင်း စီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်များလည်း ပါဝင်ပါသည်။ နယ်စပ်ဖြတ်ကျော် တင်ပို့သော ကုန်စည်များ စီးဆင်းမှုတိုးတက်စေရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ အကောက်ခွန်ဌာနသည် ၎င်းတို့၏လုပ်ထုံးလုပ်နည်းများကို ပုံမှန်သုံးသပ်ရမည် ဖြစ်ပါသည်။ သို့ဖြစ်ရာ အဖွဲ့ဝင်နိုင်ငံတစ်ခု၏ အကောက်ခွန်ဌာနသည် ကုန်ပစ္စည်းအား စစ်ဆေးရန်မလိုအပ်ဟုထင်မြင်ယူဆပါက အဖွဲ့ဝင်နိုင်ငံသည် အဆိုပါကုန်ပစ္စည်းများနှင့် သက်ဆိုင်သည့် အထောက်အထားများကို အီလက်ထရောနစ်နည်းဖြင့် (သို့) စာရွက်စာတမ်းအထောက်အထားများကို နေရာတစ်ခုတည်းမှ စာရင်းတင်ပြသည့်နည်းကို ကြိုးစားဆောင်ရွက်ရပါမည်။

၆၈။ AANZFTA တွင် စေ့စပ်ဆွေးနွေးမှုများ ချောမွေ့ရန်နှင့် သတင်းအချက်အလက်များ လဲလှယ်ရန်အတွက် တည်ထောင်ထားသည့် စုံစမ်းမေးမြန်းနိုင်သည့် နေရာများနှင့် ပတ်သက်သည့် ပုဒ်မတစ်ခုပါဝင်ပါသည်။ ယင်းမှာ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အကောက်ခွန်ကိစ္စရပ်များနှင့် ပတ်သက်၍ စိတ်ပါဝင်စားသူများမှ စုံစမ်းမေးမြန်းလာသည်ကို ဖြေရှင်းပေးနိုင်သည့် ဆက်သွယ်ရမည့်နေရာများကို တစ်ခု (သို့) ယင်းထက်ပိုမို၍ သတ်မှတ်ပေးရမည်ဖြစ်ပြီး၊ အင်တာနက်တွင် အဆိုပါစုံစမ်းမှုများ ဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ကြည့်ရှုနိုင်အောင် ဆောင်ရွက်ထားရမည် ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်းတို့၏ နောက်ဆုံးအခြေအနေများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အကောက်ခွန်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အင်တာနက်တွင် ဖော်ပြထားရမည် ဖြစ်ပါသည်။

၆၉။ ပြန်လည်သုံးသပ်ခြင်းနှင့် အယူခံဝင်ခြင်းဆိုင်ရာအချက်သည် ဤ FTA သဘောတူစာချုပ်တွင် ပါဝင်ပါသည်။ စီးပွားရေးအမြင်အရ AANZFTA အဖွဲ့ဝင်နိုင်ငံ၏ ပိုင်နက်အတွင်းရှိ တင်သွင်းသူအနေဖြင့် စီမံခန့်ခွဲမှု (သို့) ဥပဒေကြောင်းအရ ပြန်လည်သုံးသပ်ခွင့်ရရှိရန် လိုအပ်ပါသည်။ ထို့အတူပင် FTA သည် အယူခံဝင်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို အယူခံဝင်သည့်သူထံသို့ ပြန်ကြားပေးရမည်ဖြစ်ပြီး၊ ဆုံးဖြတ်မှုပြုသည့် ကျိုးကြောင်းဖော်ပြချက်ကို စာရေးသားပေးရမည်။

၇၀။ ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရန် ရည်ရွယ်၍ AANZFTA တွင် ဆောင်ရွက်ထားသည့် ကိစ္စရပ်အားလုံးသည် ဒေသတွင်းတွင် တင်သွင်းခြင်း၊ တင်ပို့ခြင်းကိစ္စရပ်များအတွက် ငွေကုန်ကြေးကျသက်သာ၍ လွတ်လပ်မှုရှိကာ လျှင်မြန်ချောမွေ့မှုရှိသော ဒေသအဖြစ် ပုံဖော်ထားခြင်းဖြစ်ပါသည်။

## အပိုင်း (၄)

## ဈေးကွက်ဝင်ခွင့် အခွင့်အလမ်းအသစ်များ

### ကုန်စည်ကုန်သွယ်ရေးဆိုင်ရာအခွင့်အလမ်းများ

၇၁။ AANZFTA အသက်မဝင်မီကတည်းက ဩစတြေးလျနိုင်ငံအနေဖြင့် ကုန်ပစ္စည်းအားလုံး၏ ၄၈ % နီးပါး အပေါ် အာဆီယံနိုင်ငံများသို့ ကောက်ခံသောအကောက်ခွန်နှုန်းကို အကောက်ခွန်ကင်းလွတ်ခွင့်ပြုခဲ့ပြီး နယူးဇီလန်နိုင်ငံအနေနှင့်မူ အကောက်ခွန်လိုင်းအားလုံး၏ ၅၉ % ကို အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ ဩစတြေးလျ အကောက်ခွန်လိုင်းများ၏ နောက်ထပ် ၃၉ % နှင့် နယူးဇီလန် အကောက်ခွန်လိုင်းများ၏ နောက်ထပ် ၇ % ကို ကုန်ပစ္စည်း၏ခန့်မှန်းတန်ဖိုး ၅ % ထက် လျော့နည်းသော နှုန်းဖြင့် အကောက်ခွန်ကောက်ခံမည်ဖြစ်ပါသည်။

**ဇယား ၁**

**ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့၏ အကောက်ခွန်ဖယ်ရှားရေးအစီအစဉ်**

| နိုင်ငံ | ၂၀၀၅ အခြေခံ အကောက်ခွန် (%) | ၂၀၁၀ (%) | ၂၀၁၃ (%) | နောက်ဆုံးအကောက်ခွန် ဖယ်ရှားခြင်း (%) | ဆောင်ရွက်မည့် ခုနှစ် |
|---|---|---|---|---|---|
| ဩစတြေးလျ | ၄၇.၆ | ၉၆.၄ | ၉၆.၅ | ၁၀၀ | ၂၀၂၀ |
| နယူးဇီလန် | ၅၈.၆ | ၈၄.၇ | ၉၀.၃ | ၁၀၀ | ၂၀၂၀ |

၇၂။ အထက်ပါဇယားသည် ၂၀၀၅ ခုနှစ်တွင် အခြေခံ၍ ပုံမှန်အကောက်ခွန်နှုန်းအား ၂၀၁၀ နှင့် ၂၀၁၃ ခုနှစ်များတွင် AANZFTA တွင်ဆောင်ရွက်မည့် စည်းကြပ်အကောက်ခွန်သက်သာခွင့်၊ အကောက်ခွန်အပြည့်အဝလုံးဝဖယ်ရှားပေးမည့် နောက်ဆုံးကူးပြောင်းကာလကို ဖော်ပြလျှက် သက်သာခွင့်ပေးမည့် ကုန်စည်လိုင်းအရေအတွက်ကို ဖော်ပြထားပါသည်။

**ဇယား ၂**

**အကောက်ခွန်နှုန်း ၀% - ၅ % အတွင်းရှိမည့် ကုန်စည်လိုင်း ရာခိုင်နှုန်း**

| နိုင်ငံ | ၂၀၀၅ အခြေခံ အကောက်ခွန် (%) | ၂၀၁၀ (%) | ၂၀၁၃ (%) | ၂၀၁၇ (%) | ၂၀၂၀ (%) | ၂၀၂၅ (%) |
|---|---|---|---|---|---|---|
| ဩစတြေးလျ | ၈၆.၂ | ၉၆.၇ | ၉၆.၈ | ၉၇.၆ | ၁၀၀ | ၁၀၀ |
| နယူးဇီလန် | ၆၅.၄ | ၉၁.၃ | ၉၄.၆ | ၉၈.၃ | ၁၀၀ | ၁၀၀ |

၇၃။ ဤဒုတိယဇယားတွင် ဩစတြေးလျနှင့် နယူးဇီလန်တို့၏ အကောက်ခွန် ၀% မှ ၅% အတွင်းရှိသည့် ကုန်စည်လိုင်း အကောက်ခွန်များကို ၂၀၀၅ ခုနှစ်မှ စတင်၍ ၂၀၁၁၊ ၂၀၁၃၊ ၂၀၁၇၊ ၂၀၂၀ နှင့် ၂၀၂၅ အတွင်းတွင်ရှိမည့် လိုင်းများကို ဖော်ပြထားပါသည်။

၇၄။ ဩစတြေးလျနှင့် နယူးဇီလန်တို့အတွက် AANZFTA အသက်ဝင်ပြီးနောက်ပိုင်းတွင် ပိုမို၍သိသာထင်ရှားသည့် ဖြေလျှော့ပေးမှုကို ခံစားရမည့် ကဏ္ဍများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) သစ်သီးနှင့် ဟင်းသီးဟင်းရွက် ဖျော်ရည်များ၊ ပြုပြင်ပြီး အသင့်စားသုံးနိုင်သော သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ (HS 20)

(ခ) ဝါဂွမ်း (HS 52)

(ဂ) ဓါတ်သတ္တုနှင့် လောင်စာဆီများ (HS 25-27)

(ဃ) စက်ပစ္စည်းများ (HS 84)

(င) လျှပ်စစ်စက်ကိရိယာများ (HS 85)

(စ) ပလပ်စတစ်နှင့် ပလပ်စတစ်ပစ္စည်းများ (HS 39)

(ဆ) ရာဘာ (HS 40)

(ဇ) အထည်အလိပ်နှင့် အထည်အလိပ်ပစ္စည်းများ (HS 50, 5108- 5113, 5207-5212, 53 - 60)

(ဈ) အဝတ်အထည်နှင့် ဖိနပ် (HS 61, 62, 64)

(ည) ခရီးသည်တင်ကားများ (HS 8703)

(ဋ) ကုန်ပစ္စည်းသယ်ဆောင်သည့် ကုန်တင်ယာဥ်များ (HS 8704)

(ဌ) ပရိဘောဂများ (HS 94)

**ကဏ္ဍအလိုက်ဖြေလျှော့ပေးမှု**

**(က) လယ်ယာကဏ္ဍ**

**(၁)သစ်သီးနှင့် ဟင်းသီးဟင်းရွက်ဖျော်ရည်များ၊ ပြုပြင်ပြီးအသင့်စားသုံးနိုင်သောသစ်သီးနှင့်ဟင်းသီး ဟင်းရွက်များ**

၇၅။ ဩစတြေးလျနိုင်ငံသည် အထက်ဖော်ပြပါ ကုန်စည်များကို အာဆီယံနိုင်ငံများမှ ၂၀၀၆ - ၂၀၀၈ ခုနှစ်အတွင်း နှစ်စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၅၂.၆ သန်းနီးပါး တင်သွင်းခဲ့ပါသည်။ သို့ဖြစ်ရာ အာဆီယံတင်ပို့သူများအတွက် အလားအလာကောင်းသော ကြီးမားသည့် ပို့ကုန် ဈေးကွက်ဖြစ်ပါသည်။ ဩစတြေးလျနိုင်ငံသည် အဆိုပါပစ္စည်းများအား တစ်ကမ္ဘာလုံးမှနှစ်စဉ် ပျမ်းမျှတန်ဖိုး အမေရိကန်ဒေါ်လာ ၅၅၀.၆ သန်းခန့် တင်သွင်းလျက်ရှိပါသည်။ နယူးဇီလန်နိုင်ငံတွင် လယ်ယာကဏ္ဍရှိ အကောက်ခွန်လိုင်း အများစု၏ အကောက်ခွန်နှုန်းမှာ ၅% - ၇% ရှိပြီး ၂၀၁၀ ပြည့်နှစ်တွင် အကောက်ခွန်ဖယ်ရှားပေးမည် ဖြစ်ပါသည်။

၇၆။ နယူးဇီလန် နိုင်ငံသည် အာဆီယံနိုင်ငံများမှ အဆိုပါ ကုန်ပစ္စည်း များကို ၂၀၀၆ - ၂၀၀၈ ခုနှစ် အတွင်း နှစ်စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၁.၈ သန်းနီးပါး တင်သွင်းခဲ့ပြီး တစ်ကမ္ဘာလုံး အတိုင်းအတာနှင့်မူ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၈၂ ဘီလီယံခန့် တင်သွင်းခဲ့ပါသည်။ နယူးဇီလန်နိုင်ငံသည် အဆိုပါကုန်ပစ္စည်းများကို အကောက်ခွန် ၅% နှင့် ၇% အသီးသီးကောက်ခံလျက်ရှိပြီး ၂၀၁၀ ပြည့်နှစ်တွင် အကောက်ခွန် ဖယ်ရှားပေးမည် ဖြစ်ပါသည်။

**ဩစတြေးလျနိုင်ငံ**

၇၇။**သစ်သီးနှင့် ဟင်းသီးဟင်းရွက်ဖျော်ရည်များ ။** ၂၀၁၀ ပြည့်နှစ်တွင် အကောက်ခွန် ဖယ်ရှားပေးမည့် ၅% ကောက်ခံလျှက်ရှိသော ကုန်စည်လိုင်း ၂ ခု (အေးခဲထားသော လိမ္မော်ရည်၊ အခြားသစ်သီး (သို့) ဟင်းသီး ဟင်းရွက်)မှ လွဲ၍ ဤစာချုပ်အသက်ဝင်ချိန်တွင် အကောက်ခွန်နှုန်း ၀% သို့ လျှော့ချပေးမည် ဖြစ်ပါသည်။

၇၈။**ပြုပြင်ပြီး အသင့်စားသုံးနိုင်သော သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ။** ၂၀၁၀ ခုနှစ်တွင် အကောက်ခွန် ဖယ်ရှားပေးမည့် ကုန်စည်များ (လက်ရှိတွင် ၅% ကောက်ခံလျှက်ရှိသော ကုန်စည်လိုင်း ၂ လိုင်း မှလွဲ၍) အား စာချုပ်အသက်ဝင်သည် နှင့် ၀% သို့ လျှော့ချပေးမည်ဖြစ်ပါသည်။ ၄င်းတွင် အမျိုးတူဟင်းသီးဟင်းရွက်များနှင့် အခြားအသင့်ပြုပြင်ပြီး ဟင်းသီးဟင်းရွက်များနှင့် ဟင်းသီးဟင်းရွက်အရောများ ပါဝင်ပါသည်။

**နယူးဇီလန်**

၇၉။**သစ်သီးနှင့် ဟင်းသီးဟင်းရွက်ဖျော်ရည်။** ၂၀၁၀ ပြည့်နှစ်တွင် အကောက်ခွန် ဖယ်ရှားပေးမည်ဖြစ်သော်လည်း လက်ရှိတွင် အကောက်ခွန်နှုန်း ၆.၅% နှင့် ၇% အသီးသီး ကောက်ခံလျှက်ရှိသော ကုန်စည်လိုင်း (၂) လိုင်း (H.S 2009.90.21 နှင့် H.S 2009.80.21) မှလွဲ၍ ကျန်ကုန်စည် အားလုံးကို စာချုပ်အသက်ဝင်သည်နှင့် အကောက်ခွန်ဖယ်ရှားပေးမည် ဖြစ်ပါသည်။

၈၀။**ပြုပြင်ပြီး အသင့်စားသုံးနိုင်သော သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ။** ၂၀၁၀ ပြည့်နှစ်တွင် အကောက်ခွန် ဖယ်ရှားမည့် ကုန်စည်လိုင်း (၃)လိုင်းမှလွဲ၍ ကျန်ကုန်စည်များကို စာချုပ်အသက်ဝင်သည်နှင့် အကောက်ခွန် ဖယ်ရှားပေးမည် ဖြစ်ပါသည်။

**(၂) အဝတ်အထည် ပိတ်စများ ပါဝင်သော ချည်မျှင်များ (HS 52)**

၈၁။ ဩစတြေးလျနိုင်ငံသည် အာဆီယံနိုင်ငံများမှ (၂၀၀၆ - ၂၀၀၈ ခုနှစ်များအတွက် နှစ်စဉ်ပျမ်းမျှ) အမေရိကန်ဒေါ်လာ ၁၀.၃ သန်း တန်ဖိုးရှိ ချည်ထည်ပစ္စည်းများကို တင်သွင်းလျှက်ရှိပြီး၊ တစ်ကမ္ဘာလုံးမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁၂.၄ သန်း တန်ဖိုး တင်သွင်းခဲ့ပါသည်။ ဩစတြေးလျနိုင်ငံတွင် ကုန်စည်လိုင်း အများစုကို အကောက်ခွန် ၅% (သို့) ၁၀% ကောက်ခံလျှက်ရှိပါသည်။ အချို့သော ကုန်စည်လိုင်း (၁၃၉ လိုင်းတွင် ၅ လိုင်း) သာ အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားပါသည်။ ဤကုန်စည်အုပ်စုအတွင်းရှိ ကုန်စည်အားလုံး၏ အကောက်ခွန်အား အကောက်ခွန်နှုန်း ၁၀% ကောက်ခံလျှက် ရှိသည့် ကုန်စည်လိုင်း (၂) လိုင်း (H.S 5208.52.00 နှင့် H.S 5209.22.00) မှလွဲ၍ ၂၀၁၀ ပြည့်နှစ်တွင် ဖယ်ရှားပေးမည်ဖြစ်ပါသည်။ အဆိုပါ ကုန်စည်လိုင်းများကို ၂၀၁၁ ခုနှစ်တွင် ၈% သို့ လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ၅% သို့လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ၀% သို့လည်းကောင်း အသီးသီး လျှော့ချပေးမည် ဖြစ်ပါသည်။

၈၂။ ဤကဏ္ဍအား အကောက်ခွန်ဖယ်ရှားပေးခြင်းသည် ဩစတြေးလျဈေးကွက်သို့ ဝင်ရောက်လိုသည့် အာဆီယံချည်ထည်တင်ပို့သူများအား သိသာထင်ရှားသည့် အခွင့်အလမ်းကို ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။

၈၃။ နယူးဇီလန်နိုင်ငံသည် နှစ်စဉ်အာဆီယံနိုင်ငံမှ ချည်ထည်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၂.၉ သန်း တင်သွင်းလျှက်ရှိပြီး၊ တစ်ကမ္ဘာလုံးမှ တင်သွင်းမှုမှာမူ အမေရိကန်ဒေါ်လာ ၃၂သန်းနီးပါး ရှိပါသည်။ နယူးဇီလန်နိုင်ငံတွင်မူ အဆိုပါကဏ္ဍရှိ ကုန်စည်များကို အကောက်ခွန်ကင်းလွတ်ပေးပြီး ဖြစ်ပါသည်။

**သယံဇာတနှင့် စက်မှုထုတ်ကုန်ပစ္စည်းများ**

**(၃) စက်ပစ္စည်းများ (H.S 84)**

၈၄။ ဩစတြေးလျနိုင်ငံသည် အာဆီယံနိုင်ငံများမှ နှစ်စဉ် (၂၀၀၆-၂၀၀၈ အတွက် နှစ်စဉ်ပျမ်းမျှ) အမေရိကန် ဒေါ်လာ ၃.၇ ဘီလီယံ တန်ဖိုးရှိ စက်ပစ္စည်းများကို တင်သွင်းလျှက်ရှိပြီး တစ်ကမ္ဘာလုံးအနေနှင့်မူ အမေရိကန် ဒေါ်လာ ၂၄ ဘီလီယံ တန်ဖိုးရှိ စက်ပစ္စည်းများကို တင်သွင်းလျှက်ရှိပါသည်။ ဩစတြေးလျနိုင်ငံသို့ ဝင်ရောက်လာသော စက်ပစ္စည်းများအတွက် အကောက်ခွန်နှုန်းများမှာ အချို့သော ကုန်စည်လိုင်းများ ကို ၁၀% ကောက်ခံပြီး ကျန် ကုန်စည်များ ကိုမူ ၀% နှင့် ၅% သာ ကောက်ခံလျှက်ရှိပါသည်။

**ဩစတြေးလျ**

၈၅။ ၂၀၀၅ အခြေခံ အကောက်ခွန်နှုန်းများ (၆၁၄လိုင်း)

- ၀% ကောက်ခံမည့် ကုန်စည်လိုင်း ၂၆၉ လိုင်း
- ၅% ကောက်ခံမည့် ကုန်စည်လိုင်း ၃၀၈ လိုင်း
- ၁၀% ကောက်ခံမည့် ကုန်စည်လိုင်း ၃၇ လိုင်း

၈၆။ ကုန်စည်အားလုံး၏ အကောက်ခွန်ကို ဖယ်ရှားပေးမည်ဖြစ်သော်လည်း ကုန်စည်လိုင်း (၃)လိုင်းကိုမူ ၂၀၁၀ ပြည့်နှစ်တွင်လည်းကောင်း၊ ကုန်စည်လိုင်းအားလုံးကို ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း ဖယ်ရှားပေးမည်ဖြစ်ပါသည်။

၈၇။ စာချုပ်စတင်အသက်ဝင်ချိန်တွင် အကောက်ခွန်နှုန်း ၀% ကောက်ခံမည့် ကုန်စည်များတွင် တာဘိုဂျက်အင်ဂျင်စက်၊ ဓါတ်ငွေ့သုံးဂျက်အင်ဂျင်စက်များ၊ လယ်ယာသုံးစက်ပစ္စည်းများ ပါဝင်ပါသည်။

၈၈။ စာချုပ်စတင်အသက်ဝင်ချိန်တွင် ကုန်စည်လိုင်း ၂၄၀ (၂၀၁၀ ပြည့်နှစ်တွင် ကုန်စည်လိုင်း ၆၅ လိုင်း) အား အကောက်ခွန်နှုန်း ၅% ဖယ်ရှားပေးမည် ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်သို့ရောက်မှသာ ၀%သို့ လုံးဝလျှော့ချပေးမည့် ကုန်စည်လိုင်း (၃) လိုင်းမှလွဲ၍ ကုန်စည်အားလုံးကို လျှော့ချပေးမည်ဖြစ်ပါသည်။ အဆိုပါ (၃) လိုင်းတွင် တင်ခြင်း၊ ချခြင်း၊ မခြင်း၊ ကိုင်တွယ်ခြင်းများ ပြုလုပ်သည့် စက်ပစ္စည်းများ၊ ရောနှောခြင်း၊ ချေမွခြင်း၊ ရောမွှေသော စက်ပစ္စည်းများ၊ အမျိုးအစားခွဲခြင်း၊ စောင့်ကြည့်ခြင်း၊ ခွဲခြားခြင်း (သို့) လျှော်ဖွတ်ခြင်းတို့ ပြုလုပ်သော စက်ပစ္စည်းများ ပါဝင်ပါသည်။

၈၉။ အကောက်ခွန်နှုန်း ၁၀% နှင့် စာချုပ်အသက်ဝင်သည့်အခါ ဖယ်ရှားပေးမည့် ကုန်စည်များမှာ ခရီးသည်တင် မော်တော်ယာဉ်များတွင် အစိတ်အပိုင်းအဖြစ်အသုံးပြုသော Ball & Bearing များ၊ မော်တော်ကားတွင် တပ်ဆင်အသုံးပြုသော လေအေးပေးစက်နှင့် ဖိအားလျှော့ချပေးသည့် အစို့များပါဝင်ပါသည်။

**နယူးဇီလန်**

၉၀။ စက်ပစ္စည်းများသည် အာဆီယံနိုင်ငံများမှ နယူးဇီလန်နိုင်ငံသို့ တင်သွင်းသော ထိပ်တန်းကုန်ပစ္စည်း အမျိုး (၂၀) ပါ ကုန်ပစ္စည်းများတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ နှစ်စဉ်တင်သွင်းမှု ပမာဏမှာ ပျမ်းမျှအမေရိကန် ဒေါ်လာ ၄၉၂ သန်းတန်ဖိုးရှိပါသည်။ စုစုပေါင်းအနေဖြင့် နယူးဇီလန်နိုင်ငံသည် စက်ပစ္စည်းများအား တစ်ကမ္ဘာလုံးမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၃.၉ ဘီလီယံတင်သွင်းလျှက်ရှိပါသည်။

၉၁။ ဤကုန်စည်အုပ်စု၏ ထက်ဝက်ကျော် (ရေနွေးငွေ့ ဘွိုင်လာများ၊ လေအေးပေးစက်များ၊ စက်ရုံသုံး မီးဖိုများ၊ ရေခဲသေတ္တာများ၊ အေးခဲသောကိရိယာများ၊ အလေးချိန်တိုင်း ကိရိယာများ၊ ကရိန်းနှင့် အသေးစားယန္တရားများ ပါဝင်ပါသည်)သည် အကောက်ခွန်နှုန်း ၇% ရှိပါသည်။

၉၂။ အခြားအကောက်ခွန်လိုင်းများမှာ ၅% နှင့် ၁၀%ရှိသော်လည်း ယင်းမှတစ်ဝက်မှာ (လယ်ယာသုံးနှင့် သစ်တောသုံး စက်ယန္တရားများ၊ နွားနို့ပြုလုပ်သော စက်ပစ္စည်းများ၊ ဝိုင်နှင့် သစ်သီးဖျော်ရည်များ ပြုလုပ်သည့် သစ်သီး ဖျော်စက်များ စသည်) အကောက်ခွန်ကင်းလွတ်ခွင့်ရမည် ဖြစ်ပါသည်။

၉၃။ ၂၀၀၅ ခုနှစ် အခြေခံ အကောက်ခွန်နှုန်းများ (၆၁၈ လိုင်း)

- ၀% ကောက်ခံမည့် ကုန်စည်လိုင်း ၂၉၄ လိုင်း
- ၅% ကောက်ခံမည့် ကုန်စည်လိုင်း ၃၄ လိုင်း
- ၆.၅% ကောက်ခံမည့် ကုန်စည်လိုင်း ၂၈ လိုင်း
- ၇% ကောက်ခံမည့် ကုန်စည်လိုင်း ၃၁၁ လိုင်း
- ၁၀% ကောက်ခံမည့် ကုန်စည်လိုင်း ၁၃ လိုင်း
- မည်သည့် အစိတ်အပိုင်းအတွက် အသုံးပြုသည်ကို မူတည်၍အကောက်ခွန် ကောက်ခံမည့် ကုန်စည်လိုင်း (၁၀) မျိုး

၉၄။ ၂၀၂၀ တွင် ၀% သို့ လျှော့ချပေးမည့် ကုန်စည်လိုင်းများ

- စာချုပ်အသက်ဝင်သည့်အချိန်ရှိ ၀% အကောက်ခွန်နှုန်းများ
- အကောက်ခွန်နှုန်း ၅% ကောက်ခံသော ကုန်စည်များကို စာချုပ်အသက်ဝင်သည်နေ့ (သို့) ၂၀၁၀ ပြည့်နှစ်တွင် အကောက်ခွန် ဖယ်ရှားပေးမည် ဖြစ်ပါသည်။
- အကောက်ခွန်နှုန်း ၆.၅% ကောက်ခံသော ကုန်စည်များ Road Roller ၁ ကို လိုင်းလွဲ၍ ၂၀၂၀ ပြည့်နှစ်တွင် ၀% သို့ လျှော့ချမည့် စာချုပ်စတင် အသက်ဝင်သည်နှင့် (သို့) ၂၀၁၀ ပြည့်နှစ်အတွင်း ဖယ်ရှားပေးမည် ဖြစ်ပါသည်။
- အကောက်ခွန်နှုန်း ၇% ကောက်ခံသော ကုန်စည် ၂၈၇ မျိုးတွင် ၂၀၁၂ ခုနှစ်တွင် ၀% သို့လည်းကောင်း၊ အကောက်ခွန်ဖယ်ရှားမည့် ကုန်စည် (၂၁) မျိုးမှအပ ၂၀၁၀ ပြည့်နှစ်၌ ၅% သို့လည်းကောင်း၊ ၂၀၁၁ ခုနှစ်၌ ၃ % သို့လည်းကောင်း၊ ကျန်ကုန်စည်များကို စာချုပ်အသက်ဝင်သည်နှင့် (သို့) ၂၀၁၀ ပြည့်နှစ်တွင်လည်းကောင်း အကောက်ခွန်ဖယ်ရှားပေးမည် ဖြစ်ပါသည်။ အဆိုပါ ၂၀၁၂ ခုနှစ်တွင် ၀% သို့ လျှော့ချမည့် ကုန်စည် (၂၁) မျိုးမှာ လေအေးပေးစက်ပစ္စည်းများ၊ ရေခဲသေတ္တာများ၊ Freezer များ၊ အေးခဲစေသော စက်ပစ္စည်းများ၊ အဝတ်အခြောက်ခံစက်များ၊ ရေနှင့် အခြားဖျော်ရည် စစ်များ (သို့) သန့်စင်ပေးသည့် စက်များ ပါဝင်ပါသည်။
- H.S 8484.80.19 ကိုမူ ၂၀၂၀ ပြည့်နှစ်တွင်မှ ၀% သို့ လျှော့ချပေးမည်ဖြစ်ပါသည်။
- အကောက်ခွန်နှုန်း ၁၀% ကောက်ခံသည့်ပစ္စည်းများအား စာချုပ်စတင်အသက်ဝင်ချိန် (သို့မဟုတ်) ၂၀၁၂ ခုနှစ်တွင် ဖယ်ရှားမည်ဖြစ်ပါသည်။ (ကုန်စည်လိုင်း ၁၁ လိုင်း)

- ယင်းတွင်စက်ပစ္စည်းများ (ဒီဇယ် (သို့မဟုတ်) ဒီဇယ်တစ်ဝက်အသုံးပြုသောအင်ဂျင်များ)၊ အဆိုပါအင်ဂျင်များအတွက် အသုံးဝင်သောအစိတ်အပိုင်းများပါဝင်ပါသည်။
- ကုန်စည်လိုင်း ၂ လိုင်းကို ၂၀၂၀ ပြည့်နှစ်တွင် ၀% သို့လျှော့ချမည်ဖြစ်ပါသည်။ ၎င်းတွင် ဆီစစ်/ဓါတ်ဆီစစ်များ ပါဝင်ပါသည်။ အဆိုပါလိုင်းများ၏ အကောက်ခွန်နှုန်းအား ၂၀၁၄ ခုနှစ်တွင် ၈% သို့လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ၅% သို့လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၀% သို့လည်းကောင်းလျှော့ချမည်ဖြစ်ပါသည်။
- နောက်ဆုံးအသုံးပြုပုံအပေါ် မူတည်၍ နှုန်းအမျိုးမျိုး ကောက်ခံသောအကောက်ခွန်လိုင်း (၁၀) လိုင်းကိုမူ ၂၀၁၂ ခုနှစ်တွင်ဖယ်ရှားပေးမည်ဖြစ်ပါသည်။

**(၄) လျှပ်စစ်စက်ပစ္စည်းများ (HS 85)**

**ဩစတြေးလျ**

၄၅။ ဩစတြေးလျနိုင်ငံသည် လျှပ်စစ်ပစ္စည်းများကို ကမ္ဘာ့နိုင်ငံများမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၆.၉ ဘီလီယံနှင့် အာဆီယံနိုင်ငံများမှ နှစ်စဥ်အမေရိကန်ဒေါ်လာ ၂.၂ ဘီလီယံဖိုး တင်သွင်းလျှက်ရှိပါသည်။

၄၆။ ၂၀၀၅ အခြေခံအကောက်ခွန်နှုန်းများ ( ကုန်စည်လိုင်း ၃၃၈ လိုင်း )

- ၀% ကောက်ခံမည့် ကုန်စည် ၁၆၆ မျိုး
- ၅% ကောက်ခံမည့်ကုန်စည် ၁၄၉ မျိုး
- ၁၀% ကောက်ခံမည့် ကုန်စည် ၂၃ မျိုး

၄၇။ ၂၀၁၀ ပြည့်နှစ်တွင် အကောက်ခွန်ဖယ်ရှားမည့် ကုန်စည် (၂) လိုင်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် အကောက်ခွန်ဖယ်ရှားမည့် ကုန်စည်လိုင်းများ

- စာချုပ်အသက်ဝင်သည့်အချိန်ရှိ ၀% အကောက်ခွန်နှုန်းများ
- ကုန်စည် (၁၁၂) မျိုး အပေါ် ကောက်ခံမည့်အကောက်ခွန် ၅% အားစာချုပ်အသက်ဝင်သည်နှင့် ပယ်ဖျက်ပေးမည်ဖြစ်ပါသည်။ ၎င်းတို့တွင် မီးပူ၊ လျှပ်စစ်မီးအိမ်အသေးစား၊ ရေပူစက်၊ လျှပ်စစ်အပူပေးစက်၊ ဆံပင်အခြောက်ခံစက်၊ ကော်ဖီဖျော်စက်၊ အသံချဲ့စက် စသည့်များ ပါဝင်သည့် ကုန်စည် (၃၅) မျိုးအား ၂၀၁၀ ပြည့်နှစ်တွင်လည်းကောင်း၊ရေဒီယို၊ ဗွီဒီယိုကင်မရာများ ပါဝင်သည့် ကုန်စည်လိုင်း (၂) ခုအားလည်းကောင်း စာချုပ်အသက်ဝင်သည့် အချိန်တွင် အကောက်ခွန်နှုန်း ၁၀% ဖယ်ရှားပေးမည်ဖြစ်ပြီး၊ အချို့ကိုမူ ၂၀၂၀ ပြည့်နှစ်တွင် ဖယ်ရှားပေးမည်ဖြစ်ပါသည်။

**နယူးဇီလန်**

၄၈။ လျှပ်စစ်ပစ္စည်းများအား နယူးဇီလန်နိုင်ငံသည် အာဆီယံနိုင်ငံများ မှပျမ်းမျှနှစ်စဥ် အမေရိကန်ဒေါ်လာ ၃၆၀.၇ သန်းခန့် တင်သွင်းလျှက်ရှိပြီး တစ်ကမ္ဘာလုံး အတိုင်းအတာနှင့်မူ တန်ဖိုး အမေရိကန်ဒေါ်လာ ၂.၆ ဘီလီယံ တင်သွင်းလျှက်ရှိပါသည်။ နယူးဇီလန်နိုင်ငံသို့ ဝင်ရောက်လာသော လျှပ်စစ်စက်ပစ္စည်းများအား အကောက်ခွန်နှုန်း ၀% မှ ၁၇.၅% ကြားကောက်ခံ လျှက်ရှိပါသည်။ ဤကဏ္ဍရှိ အကောက်ခွန်နှုန်းအားလုံးအား ၂၀၂၀ ပြည့်နှစ်တွင်

ဖယ်ရှားပေးမည်ဖြစ်ပြီး ထိုသို့ဖယ်ရှားပေးမှုသည် အာဆီယံလျှပ်စစ်စက်ပစ္စည်း ထုတ်လုပ်သူများအတွက် ကြီးမားသော အခွင့်အလမ်းကို ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

၉၉။ ၂၀၀၅ ခုနှစ် အခြေခံအကောက်ခွန်နှုန်း

- ၀% မှ ၁၇.၅% ကြားရှိ ကုန်စည်လိုင်း (၄၃) မျိုး

- အများစုသည် ၇% ရှိပြီး ၎င်းတို့ကို ၂၀၁၀ ပြည့်နှစ်တွင် ဖယ်ရှားမည်ဖြစ်ပါသည်။
  (၂၀၁၂ နှင့် ၂၀၂၀ ပြည့်နှစ်တွင်အကောက်ခွန်ဖယ်ရှားမည့် ကုန်စည်များမှလွဲ၍ ဂဏန်းပေါင်းစက်ပစ္စည်း၊ လျှပ်စစ်ပလပ်၊ ပြည်တွင်းသုံးမီးဖိုများ၊ အသံချဲ့စက်များ၊ ရေဒီယိုပုံစံအမျိုးမျိုး၊ လျှပ်စစ်မီးသီး၊ လျှပ်ကာဝါယာများ၊ ကြိုးခွေများ ပါဝင်ပါသည်)

- အကောက်ခွန်နှုန်း ၇.၅% ကောက်ခံသော ကုန်စည်များ ၏ အကောက်ခွန် များ ကို မူ၂၀၂၀ ပြည့်နှစ်တွင် ဖယ်ရှားပေးမည်ဖြစ်သည်။ ၎င်းတို့တွင် လျှပ်စစ်ကိရိယာများ၊ ခရီးသည်တင်ကားများအတွက် ကြိုးခွေများ၊ ဝါယာများ ပါဝင်ပါသည်။

**(၅) ရာဘာ (HS 40 )**

**ဩစတြေးလျ**

၁၀၀။ ဩစတြေးလျနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများမှ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၄၃.၂ သန်းတန်ဖိုးရှိ ရာဘာများတင်သွင်းလျှက်ရှိပါသည်။ဩစတြေးလျနိုင်ငံသည် တစ်ကမ္ဘာလုံးမှ ရာဘာအမေရိကန်ဒေါ်လာ ၂.၃ ဘီလီယံတင်သွင်းခဲ့သည်။ ဤကဏ္ဍရှိ ကုန်စည် ၇၅% အပေါ်ကောက်ခံသည့်အကောက်ခွန်နှုန်းမှာ ၅% ဖြစ်ပါသည်။

ကုန်စည်လိုင်း ၉၉ မျိုးအပေါ် ၂၀၀၅ ခုနှစ်တွင် ကောက်ခံသောအခြေခံအကောက်ခွန်နှုန်းများ -

- ၀% ကောက်ခံသောကုန်စည်လိုင်း ၁၃ မျိုး
- ၅% ကောက်ခံသောကုန်စည်လိုင်း ၅၉ မျိုး
  (ပြုပြင်ထားသောရာဘာ၊ ရာဘာကွန်ပေါင်း)
- ၇.၅% ကောက်ခံသောကုန်စည်လိုင်း (၃) မျိုး
  (ခွဲစိတ်ခန်းသုံးလက်အိတ်၊ ရေငုပ်ဝတ်စုံ၊ ရာဘာမှရရှိသောအထည်)
- ၁၀% ကောက်ခံသောကုန်စည်လိုင်း
  (ခြေသုတ်၊တာယာဟောင်းများ၊ မော်တော်ကားတွင် အသုံးပြုသောတာယာများ)
- ၁၇.၅% ကောက်ခံသောကုန်စည်လိုင်း ၁ လိုင်း
  (လက်အိတ်များအပါအဝင်ရာဘာဖြင့်ပြုလုပ်ထားသော အဝတ်အထည်အသုံးအဆောင်များ၊ X ray ကို ကာကွယ်ရန်အသုံးပြုသည့် အထည်ချုပ်ပစ္စည်းများ၊ ရာဘာဖြင့်ပြုလုပ်ထားသည့် ခွဲစိတ်ခန်းသုံးလက်အိတ် များအား ၂၀၂၀ ပြည့်နှစ်တွင် အကောက်ခွန်ကင်းလွတ်ခွင့်ပြုမည်ဖြစ်ပြီး၊ အကောက်ခွန်အများစုကို ၂၀၁၀ ပြည့်နှစ် တွင် ဖယ်ရှားမည်ဖြစ်ပါသည်)

၂၀၂၀ ပြည့်နှစ်တွင် အကောက်ခွန်ကင်းလွတ်ခွင့်ပြုမည့် ကုန်စည်လိုင်း (၂)လိုင်း ခဲစိတ်ခန်းသုံး လက်အိတ်များမှလွဲ၍ ကျန်ကုန်စည်အများစုကို ၂၀၁၀ ပြည့်နှစ်တွင် အကောက်ခွန်ဖယ်ရှားပေးမည် ဖြစ်ပါသည်။

**နယူးဇီလန်**

၁၀၁။ နယူးဇီလန်နိုင်ငံသည် အာဆီယံနိုင်ငံများမှ နှစ်စဉ်ရာဘာတန်ဖိုး အမေရိကန်ဒေါ်လာ ၅၀.၄ သန်းခန့် တင်သွင်းလျှက်ရှိပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့်မူ နှစ်စဉ် အမေရိကန်ဒေါ်လာ ၂.၃ ဘီလီယံခန့် တင်သွင်းလျှက်ရှိပြီး၊ ဤကဏ္ဍရှိ ကုန်စည်လိုင်းထက်ဝက်ကျော်ကို အကောက်ခွန်ကင်းလွတ်ခွင့်ပြုပြီး ဖြစ်ပါသည်။

၁၀၂။ ၂၀၀၅ ခုနှစ်အခြေခံအကောက်ခွန်လိုင်း (၁၆) မျိုးတွင် ၀% ကောက်ခံမည့် ကုန်စည်လိုင်း (၇၉) လိုင်း၊ ၅% ကောက်ခံမည့် ကုန်စည်လိုင်း (၂) လိုင်း၊ ၆% မှ ၇.၅% ကောက်ခံမည့် ကုန်စည်လိုင်း ၆၉ လိုင်း၊ ၁၀% မှ ၁၁.၅% ကြား ကောက်ခံမည့် ကုန်စည်လိုင်း (၁၁) လိုင်း၊ ၁၇.၅% ကောက်ခံမည့် ကုန်စည်လိုင်း (၂) လိုင်းတို့ ပါဝင်ပါသည်။

၁၀၃။ ၂၀၂၀ ပြည့်နှစ်တွင် ၀% ကောက်ခံမည့် ကုန်စည်လိုင်း (၁၁) မျိုးမှလွဲ၍ ကျန်ကုန်စည်များ၏ အကောက်ခွန်နှုန်းများကို ၂၀၁၀ ပြည့်နှစ်တွင် ဖယ်ရှားပေးမည် ဖြစ်ပါသည်။

**(၆) ပလတ်စတစ်နှင့် ပလတ်စတစ်ပစ္စည်းများ (HS 39 )**

**ဩစတြေးလျ**

၁၀၄။ ဩစတြေးလျနိုင်ငံသည် အာဆီယံနိုင်ငံများမှနှစ်စဉ်ပလတ်စတစ်နှင့် ပလတ်စတစ်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၇၇၁ သန်းတင်သွင်းခဲ့ပြီး တစ်ကမ္ဘာလုံးမှ အမေရိကန်ဒေါ်လာ ၃.၉ ဘီလီယံဖိုး တင်သွင်းခဲ့ပါသည်။ အချို့သော ကုန်စည်လိုင်းများ၏ အကောက်ခွန်နှုန်းမှာ ၀% ဖြစ်သော်လည်း ကုန်ပစ္စည်းအားလုံး၏ ၈၀% ကိုမူ ၅% ကောက်ခံလျှက်ရှိပါသည်။ ကုန်စည်လိုင်းအားလုံးတွင် ၂၀၂၀ ပြည့်နှစ်တွင် အကောက်ခွန် ဖယ်ရှားပေးမည့် ကုန်စည်လိုင်း (၃) မျိုးမှလွဲ၍ ကျန်အကောက်ခွန်လိုင်းများကို ၂၀၁၀ ပြည့်နှစ်တွင် အကောက်ခွန် ဖယ်ရှားပေးမည်ဖြစ်ပါသည်။

၁၀၅။ ၂၀၀၅ခုနှစ် အခြေခံအကောက်ခွန်နှုန်းများ (ကုန်စည်လိုင်း ၁၄၀ မျိုး) တွင် ၀% ကောက်ခံမည့် ကုန်စည်လိုင်း ၁၂ မျိုး (ပလတ်စတစ်နှင့် ပလတ်စတစ်မဟုတ်သည့်ပစ္စည်းများမှ ရရှိလာသည့် cellulose နှင့် ၎င်း၏ ဓာတုပစ္စည်းများ ပါဝင်ပါသည် )၊ ၅% ကောက်ခံမည့် ကုန်စည်လိုင်း ၁၁၇ မျိုး( of ethylene , vinyl chloride (သို့မဟုတ်) အခြားဟေလိုဂျင်ပါဝင်သော olefins ၊ vinyl acetate (သို့မဟုတ်) အခြား yinyl esters၊ silicone ၊ natural polymers များမှရရှိသည့် polymers စသည့်ပစ္စည်းများပါဝင်ပါသည်။)၊ ၁၀% ကောက်ခံမည့် ကုန်စည်လိုင်း ၁၀ မျိုး (ပလတ်စတစ်ဖြင့်ပြုလုပ်ထားသည့်ပိုက်များ၊ အဖုံးများပါဝင်ပါသည်။)၊ ၁၇.၅% ကောက်ခံမည့် ကုန်စည်လိုင်း (၁) မျိုး (ပလတ်စတစ်ဖြင့်ပြုလုပ်ထားသောပစ္စည်းအချို့) ပါဝင်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကုန်စည်အားလုံးအပေါ် အကောက်ခွန်လုံးဝဖယ်ရှားပေးမည်ဖြစ်ပါသည်။ ကုန်စည်လိုင်း (၃) မျိုးမှလွဲ၍ ကျန်

ကုန်စည်အားလုံးအပေါ် စာချုပ်အသက်ဝင်သည်နှင့် တစ်ပြိုင်နက် (သို့မဟုတ်) ၂၀၁၀ ပြည့်နှစ်တွင် အကောက်ခွန်နှုန်း ၀% ကောက်ခံမည်ဖြစ်ပါသည်။ အဆိုပါကုန်စည်လိုင်း (၃) မျိုး အပေါ် ၂၀၂၀ ပြည့်နှစ်သို့ ရောက်သည့်အခါ အကောက်ခွန်လုံးဝဖယ်ရှားပေးမည်ဖြစ်ပါသည်။

**နယူးဇီလန်**

၁၀၆။ ပလတ်စတစ်နှင့်ပလတ်စတစ်ပစ္စည်းများသည် နယူးဇီလန်နိုင်ငံ၏ အဓိကသွင်းကုန်ပစ္စည်းများ ဖြစ်ပါသည်။ နယူးဇီလန်နိုင်ငံသည် အာဆီယံနိုင်ငံများမှ နှစ်စဉ်အမေရိကန်ဒေါ်လာ ၁၉၄ သန်းခန့် တင်သွင်းလျှက်ရှိပြီး တစ်ကမ္ဘာလုံးမှ အမေရိကန်ဒေါ်လာ ၁.၁ ဘီလီယံတန်ဖိုးတင်သွင်းလျှက်ရှိပါသည်။ ဤကဏ္ဍတွင် ကုန်စည်လိုင်းပေါင်း ၂၄၀ ပါဝင်ပြီး အဆိုပါကုန်စည်လိုင်းများ၏ထက်ဝက်ကျော်ကို ၅% - ၇.၅% ကောက်ခံလျှက်ရှိပါသည်။ ဤကဏ္ဍရှိ ကုန်စည်လိုင်းအများစုကို ၂၀၁၀ ပြည့်နှစ်တွင် ဖယ်ရှားပေးမည်ဖြစ် ပါသည်။ ကုန်စည်လိုင်း ၁၆ မျိုးကို ၂၀၁၂ ခုနှစ်တွင် အကောက်ခွန်ဖယ်ရှားပေးမည်ဖြစ်ပြီး ကျန်ကုန်စည်လိုင်း ၂၁ မျိုးကိုမူ ၂၀၂၀ ပြည့်နှစ်တွင် ဖယ်ရှားပေးမည်ဖြစ်ပါသည်။

၁၀၇။ အကောက်ခွန်နှုန်း ၀% မှ ၁၉% ကြားရှိ ၂၀၀၅ ခုနှစ်အခြေခံကုန်စည်လိုင်း ၂၃၆ မျိုး တွင် ၀% ကောက်ခံမည့်ကုန်စည်လိုင်း ၈၃ မျိုး၊၅% မှ ၇% ကောက်ခံမည့် ကုန်စည်လိုင်း ၁၄၃ မျိုး၊ ၁၉% ကောက်ခံမည့် ကုန်စည်လိုင်း ၅ မျိုးပါဝင်ပြီးကုန်စည်အများစုကို စာချုပ်အသက်ဝင်သည်နှင့် ၀% (သို့မဟုတ်) ၂၀၁၀ ပြည့်နှစ်တွင် အကောက်ခွန်ဖယ်ရှားပေးမည်ဖြစ်ပါသည်။ ကျန်ကုန်စည်လိုင်းများကိုမူ ၂၀၂၀ ပြည့်နှစ်တွင် အကောက်ခွန်ဖယ်ရှားပေးမည်ဖြစ်ပါသည်။

**(၇) ပရိဘောဂများ ( HS 94 )**

**ဩစတြေးလျ**

၁၀၈။ ဩစတြေးလျနိုင်ငံသည် ပရိဘောဂပစ္စည်းများကိုနှစ်စဉ် အာဆီယံနိုင်ငံများမှ ၂၆၅ သန်း၊ တစ်ကမ္ဘာလုံးမှ အမေရိကန်ဒေါ်လာ ၂.၅ ဘီလီယံတင်သွင်းလျှက်ရှိပြီး ကုန်ပစ္စည်းအများစုအပေါ်တွင် ၅% ကောက်ခံ လျှက်ရှိပါသည်။

၁၀၉။ ၂၀၀၅ ခုနှစ်အခြေခံအကောက်ခွန်နှုန်းများ (ကုန်စည်လိုင်း ၄၀ မျိုး) တွင် ၀% ကောက်ခံသည့် ကုန်စည်လိုင်း (၇) မျိုးတွင် လေယာဉ်ထိုင်ခုံ၊ သွားဘက်ဆိုင်ရာ/ဆံပင်ညှပ်ဆိုင်သုံးကုလားထိုင်၊ ဖန်ဖြင့်ပြုလုပ်ထားသည့် ဖယောင်းတိုင်တင်ခုံများပါဝင်ပါသည်။ ၅% ကောက်ခံသည့်ကုန်စည်လိုင်း (၂၉) မျိုးသတ္တု၊ ပလတ်စတစ်၊ သစ်သား၊ ကြိမ်ထည်၊ ဝါး (သို့မဟုတ်) အခြားအရာဝတ္ထုများဖြင့် ပြုလုပ်ထားသော ပရိဘောဂပစ္စည်းများ၊မျက်နှာကျက်အမိုးပြားများ၊ နံရံအလှဆင်ပစ္စည်းမီးလုံးများ၊၇.၅% ကောက်ခံသည့် ကုန်စည်လိုင်း (၂) လိုင်းမွေ့ယာအိပ်ယာဖုံး၊ မော်တော်ကားများတွင် အသုံးပြုသည့်ထိုင်ခုံအဖုံးများ၂၀၂၀ ပြည့်နှစ် တွင် ၀% သို့ လျှော့ချမည့်ကုန်စည်လိုင်း ၂ လိုင်းမှလွဲ၍ ကျန်ကုန်စည်လိုင်းများ၏ အကောက်ခွန်များကို ၂၀၁၀ ပြည့်နှစ်တွင် ပယ်ဖျက်ပေးမည်ဖြစ်ပါသည်။ သစ်သားဘောင်ဖြင့်ပြုလုပ်ထားသည့် ထိုင်ခုံများ၊ ရုံးသုံးသစ်သားဖြင့် ပြုလုပ်ထားသည့် ပရိဘောဂပစ္စည်းများကို ၂၀၁၉ ခုနှစ်အထိ ၅% ကောက်ခံမည်ဖြစ်ပါသည်။

**နယူးဇီလန်**

၁၁၀။ နယူးဇီလန်သည် လွန်ခဲ့သည့် (၃) နှစ်ကျော်က အာဆီယံနိုင်ငံများမှ နှစ်စဉ်အမေရိကန်ဒေါ်လာ ၅၄ သန်းခန့် တင်သွင်းခဲ့ပြီး တစ်ကမ္ဘာလုံးမှ နှစ်စဉ်တန်ဖိုး အမေရိကန်ဒေါ်လာ ၁.၃ဘီလီယံဖိုး တင်သွင်းလျှက်ရှိပါသည်။

၁၁၁။ ၂၀၀၅ အခြေခံအကောက်ခွန်နှုန်း (ကုန်စည်လိုင်း ၆၁ မျိုး) တွင်၀% ကောက်ခံမည့် ကုန်စည်လိုင်း ၇ မျိုးတွင် သွားစိုက်သည့်နေရာ၊ ဆံသသည့်နေရာများတွင် အသုံးပြုသည့် ကုလားထိုင်နှင့် အစိတ်အပိုင်းများ၊ သတ္တုတွင်းလုပ်ငန်းသုံးလုံခြုံရေးမီးအိမ်များ ပါ၀င်ပြီး ၅% မှ ၆.၅% ကောက်ခံမည့် ကုန်စည်လိုင်း ၈ မျိုး တွင် လျှပ်စစ်ဓာတ်အသုံးမပြုသောမီးအိမ်၊ သတ္တုနှင့်မှန်အလင်းပေးအပြားများ ပါ၀င်ပါသည်။ ၇% ကောက်ခံမည့်ကုန်စည်လိုင်း ၄၂ မျိုး တွင် သတ္တု၊ သစ်၊ ပလတ်စတစ်၊ ကြိမ် အပါအ၀င် အခြားပစ္စည်းများ၊ ၀ါး (သို့မဟုတ်) အလားတူပစ္စည်းများဖြင့် ပြုလုပ်ထားသည့် ပရိဘောဂများ၊ ၁၀% မှ ၁၂% ကောက်ခံမည့် ကုန်စည်လိုင်း (၃) မျိုး တွင် မော်တော်ကားများတွင် အသုံးပြုသည့်ထိုင်ခုံ (သို့မဟုတ်) အစိတ်အပိုင်းများ ၊ ၁၇.၅% ကောက်ခံသည့် ကုန်စည်လိုင်း (၁) မျိုးတွင် မော်တော်ကားများတပ်ဆင်ရာတွင် အစိတ်အပိုင်းအဖြစ်အသုံးပြုသည့် ထိုင်ခုံများ ပါ၀င်ပါသည်။

၁၁၂။ ၂၀၂၀ ပြည့်နှစ်တွင် အကောက်ခွန်ကင်းလွတ်ခွင့်ပြုမည့် ကုန်စည်လိုင်း (၆) မျိုးမှလွဲ၍ ကျန်ကုန်စည်လိုင်းများကို ၂၀၁၀ ပြည့်နှစ်တွင် အကောက်ခွန်ဖယ်ရှားပေးမည်ဖြစ်ပါသည် ။ ၇% ကောက်ခံမည့်ကုန်စည်လိုင်းများကို ၀% သို့လျှော့ချမည်ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်တွင် ကုန်စည် (၈) မျိုးထိုင်ခုံအရှင်များ၊ မွေ့ယာအထောက်အကူများ၊ ရာဘာမွေ့ယာများ၊ ရုံးသုံးသတ္တုဖြင့်ပြုလုပ်ထားသော ပရိဘောဂပစ္စည်းများ၊၂၀၁၃ ခုနှစ်တွင် လျှော့ချမည့် ကုန်စည် (၃) မျိုး အခြားသတ္တုများ၊ ကြိမ်များ၊ မိုးမခပင်များ၊ ၀ါး (သို့မဟုတ်) အလားတူပစ္စည်းများဖြင့် ပြုလုပ်ထားသည့် ပရိဘောဂများ၊ ၂၀၁၉ ခုနှစ်တွင် ကုန်စည် (၆) မျိုး တွင် မီးဖိုချောင်သုံး၊ ရေချိုးခန်းသုံး (သို့မဟုတ်) ရုံးသုံးပရိဘောဂများ ပါ၀င်ပြီး ၊ ၂၀၂၀ ပြည့်နှစ်တွင် ကုန်စည် (၄) မျိုးတွင် အဖုံးပါသောထိုင်ခုံများ၊ ပလတ်စတစ်ပရိဘောဂ၊ အိပ်ရာ များ ပါ၀င်ပါသည်။ အကောက်ခွန်နှုန်း ၁၂% ကောက်ခံသောကုန်စည်များ (မွေ့ယာများ၊ အိပ်ရာ၊ ခေါင်းအုံး) များကို ၂၀၂၀ ပြည့်နှစ်တွင် ၀% သို့ လျှော့ချပေးမည်ဖြစ် ပါသည်။ ၁၇.၅% ကောက်ခံသော ကုန်စည်များ မော်တော်ကားများတပ်ဆင်ရာတွင် အသုံးပြုသည့်ထိုင်ခုံများကို ၂၀၁၂ ခုနှစ်တွင် ၀% သို့ လျှော့ချမည်ဖြစ်ပါသည်။

### (၈) သယ်ယူပို့ဆောင်ရေးတွင်အသုံးပြုသော ယာဉ်/ယန္တရားများ ( HS 8704 )

**ဩစတြေးလျ**

၁၁၃။ ဤကုန်စည်အုပ်စုသည် ဩစတြေးလျနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများမှ တင်သွင်းမှုတွင် အရေးပါသောအမျိုးအစားများတွင် ပါ၀င်ပါသည်။ ဩစတြေးလျနိုင်ငံသည် အာဆီယံနိုင်ငံများမှ နှစ်စဉ် အမေရိကန်ဒေါ်လာတန်ဖိုး ၁.၆ ဘီလီယံတင်သွင်းလျှက်ရှိပြီး တစ်ကမ္ဘာလုံးမှ အမေရိကန်ဒေါ်လာ ၄.၄ ဘီလီယံနှစ်စဉ်တင်သွင်းလျှက်ရှိပါသည်။ ဩစတြေးလျနိုင်ငံတွင် ဤကဏ္ဍ၏ ထက်၀က်ကျော်ကို အကောက်ခွန်နှုန်း ၅% မှ ၁၀% အတွင်းတွင်သာ ကောက်ခံလျှက်ရှိပါသည်။ ဤကဏ္ဍရှိ ကုန်စည်အားလုံး၏ အကောက်ခွန်နှုန်းများကို ၂၀၁၀ ပြည့်နှစ်တွင် လုံး၀ဖယ်ရှားပေးမည်ဖြစ်ပါသည်။

၁၁၄။ ၂၀၀၅ ခုနှစ်၊ အခြေခံအကောက်ခွန်နှုန်းအရ ယင်းကဏ္ဍတွင် ကုန်စည်လိုင်း (၁၀) မျိုးပါဝင်ပြီး၊ ကုန်စည်အားလုံးကို ၅% ကောက်ခံလျှက်ရှိပါသည်။ကုန်စည်အားလုံးအပေါ်ကောက်ခံသည့် အကောက်ခွန်နှုန်းများကို စာချုပ်စတင်အသက်ဝင်သည်နှင့် ဖယ်ရှားပေးမည်ဖြစ်ပါသည်။

**နယူးဇီလန်**

၁၁၅။ နယူးဇီလန်နိုင်ငံသည် သယ်ယူပို့ဆောင်ရေး တွင် အသုံးပြုသော ယာဉ်/ယန္တရားများ အာဆီယံ နိုင်ငံများမှ နှစ်စဉ် တန်ဖိုးအမေရိကန်ဒေါ်လာ ၁၉၅.၆ သန်း တင်သွင်းလျှက်ရှိပြီး တစ်ကမ္ဘာလုံးမှ အမေရိကန် ဒေါ်လာ ၁၆၃.၇ တင်သွင်းလျှက်ရှိပါသည်။ နယူးဇီလန်နိုင်ငံသည် ဤကဏ္ဍပါ ပစ္စည်းအများစုကို အကောက်ခွန်ကင်းလွတ်ခွင့်ပြုပြီး၊ ကုန်စည်လိုင်းအားလုံး၏ ၁၀% ကိုမူ ၇% ကောက်ခံလျှက် ရှိပါသည်။

၁၁၆။ ၂၀၀၅ ခုနှစ် အခြေခံကုန်စည်လိုင်း (၂၀ မျိုး ) တွင် ၇% ကောက်ခံလျှက်ရှိသော ကုန်စည်လိုင်းများ ( H.S 8704.10.00 , 8704.21.80 , 8704.22.11 , 8704.31.80 , 8704.32.11 , 8704.90.21)မှ လွဲ၍ ကျန်ကုန်စည်များမှာ ၀% ဖြစ်ပါသည်။ ကုန်စည်လိုင်းအားလုံးကို စာချုပ်အသက်ဝင်သည်နှင့် အကောက်ခွန်ဖယ်ရှားပေးမည်ဖြစ်ပါသည်။

**(၉) ခရီးသည်တင်ကားများ ( HS 8703 )**

**သြစတြေးလျ**

၁၁၇။ သြစတြေးလျနိုင်ငံသည် ခရီးသည်တင်ကားမားကို အာဆီယံနိုင်ငံများမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၈၁၀.၆ သန်း ခန့် တင်သွင်းလျှက်ရှိပြီး တစ်ကမ္ဘာလုံးအတိုင်းအတာအနေနှင့်မူ အမေရိကန်ဒေါ်လာ ၁.၁ ဘီလီယံဖိုးတင်သွင်းလျှက်ရှိပါသည်။ ဤကဏ္ဍရှိ ကုန်စည်အားလုံး၏ ထက်ဝက်သည် အကောက်ခွန်နှုန်း ၅% ဖြစ်ပြီး ကျန်ကုန်စည်များကိုမူ ၁၀% ကောက်ခံလျှက်ရှိပါသည်။ အသုံးပြုပြီးမော်တော်ယာဉ်များကိုမူ အကောက်ခွန် ၁၀% အပြင် အထူးအကောက်ခွန်ကိုပါ ထပ်မံပေးဆောင်ရမည်ဖြစ်ပါသည်။

၁၁၈။ ၂၀၀၅ ခုနှစ်အခြေခံအကောက်ခွန်နှုန်းများ (ကုန်စည်လိုင်း ၃၂ မျိုး)တွင် အသုံးပြုပြီး ခရီးသည်တင်ယာဉ်များ အထူးနှုန်း (ယာဉ်ခုစီးလျှင် ၁၀% + အမေရိကန်ဒေါ်လာ ၁၂၀၀၀)၊ ခရီးသည်တင်ကားအသစ်များ အား ၁၀% နှင့် အခြားယာဉ်များ အား ၅% ကောက်ခံလျှက်ရှိပါသည်။အကောက်ခွန်ဖယ်ရှားခြင်းကို နောင်တွင်ဆောင်ရွက်ရန် ရည်ရွယ်ထားသည့် အင်ဒိုနီးရှား၊ မလေးရှားနှင့်ထိုင်းတို့မှ ထုတ်လုပ်ထားသည့် မော်တော်ယာဉ်များမှလွဲ၍ အကောက်ခွန်အားလုံးကို စာချုပ်အသက်ဝင်သည်နှင့် ပယ်ဖျက်ပေးမည်ဖြစ်ပါသည်။ ကုန်စည်အများစုအတွက် ကျင့်သုံးမည့် အကောက်ခွန်လျှော့ချဖယ်ရှားမည့် အစီအစဉ်အသေးစိတ်ကို www.asean.org တွင် ကြည့်ရှုနိုင်ပါသည်။

၁၁၉။ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင် ထုတ်လုပ်သည့် မော်တော်ယာဉ်များအပေါ်တွင် အကောက်ခွန်လျှော့ချပေးမှုကို အထူးနောက်ကျမှ လျှော့ချသည့်အစီအစဉ်ဖြင့် လျှော့ချသွားမည်ဖြစ်ပြီး လျှော့ချပေးမည့် အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- အဆိုပါနိုင်ငံ (၃) နိုင်ငံအတွက် အသုံးပြုပြီးခရီးသည်တင်မော်တော်ယာဉ်များအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းများကို စာချုပ်အသက်ဝင်သည်နှင့် ပယ်ဖျက်ပေးမည်ဖြစ်ပါသည်။

- ခရီးသည်တင်မော်တော်ယာဉ်အသစ်များအပေါ် ကောက်ခံမည့်အကောက်ခွန်နှုန်းများကို ၀% သို့ အောက် ဖော်ပြပါ အစီအစဉ်အတိုင်းလျှော့ချပေးမည်ဖြစ်ပါသည် -
  - (က) အင်ဒိုနီးရှားနိုင်ငံတွင် ထုတ်လုပ်ခဲ့သော မော်တော်ယာဉ်များအတွက် အင်ဂျင် အရွယ် အစား၊ အမျိုးအစားအပေါ် မူတည်၍ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၉ (သို့မဟုတ်) ၂၀၂၀ ပြည့်နှစ် များတွင် ဖယ်ရှားပေးမည် ဖြစ်ပါသည်။
  - (ခ) မလေးရှားနိုင်ငံတွင် ထုတ်လုပ်သော မော်တော်ယာဉ်များအတွက် အင်ဂျင်အရွယ် အစား ပေါ် မူတည်၍ ၂၀၁၀ (သို့မဟုတ်) ၂၀၁၇ ခုနှစ်တွင် အကောက်ခွန် ဖယ်ရှားပေးမည် ဖြစ်ပါသည်။
  - (ဂ) ထိုင်းနိုင်ငံတွင်ထုတ်လုပ်သော မော်တော်ယာဉ်များကိုမူ ၂၀၂၀ ပြည့်နှစ်တွင် အကောက် ခွန် ဖယ်ရှားပေးမည်ဖြစ်ပါသည်။
- အခြားယာဉ်များအပေါ် ကောက်ခံမည့်အကောက်ခွန်နှုန်းများကို ၀% သို့ အောက်ပါအတိုင်း လျှော့ချပေးမည် ဖြစ်ပါသည် -
  - (က) အင်ဒိုနီးရှားနိုင်ငံတွင် ထုတ်လုပ်ပါက ၂၀၁၃ (သို့မဟုတ်) ၂၀၁၅ ပြည့်နှစ် တွင် လည်းကောင်း
  - (ခ) မလေးရှားနိုင်ငံတွင် ထုတ်လုပ်ပါက ၂၀၁၀ ပြည့်နှစ်တွင်လည်းကောင်း
  - (ဂ) ထိုင်းနိုင်ငံတွင် ထုတ်လုပ်ပါက ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း

၁၂၀။ အခြားအာဆီယံနိုင်ငံများမှ တင်သွင်းမှုများအတွက်မူ စာချုပ်အသက်ဝင်သည်နှင့် အကောက်ခွန်လုံးဝ ဖယ်ရှားပေးမည်ဖြစ်ပါသည်။

**နယူးဇီလန်**

၁၂၁။ နယူးဇီလန်နိုင်ငံသည် ခရီးသည်တင်မော်တော်ယာဉ်များကို အာဆီယံနိုင်ငံများမှ နှစ်စဉ်အမေရိကန် ဒေါ်လာ ၁၇.၅ သန်းခန့် ၊ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်မူ အမေရိကန်ဒေါ်လာ ၂.၁ ဘီလီယံခန့် တင်သွင်း လျက်ရှိပါသည်။ ကုန်စည်လိုင်းအားလုံး၏ တစ်ဝက်ကျော်ကို အကောက်ခွန်နှုန်း ၁၇.၅% ထားရှိပြီး ကျန်ကုန်စည် များ ကိုမူ အကောက်ခွန်ကင်းလွတ်ခွင့်ပြုပြီးဖြစ်ပါသည်။

၁၂၂။ ၂၀၀၅ ခုနှစ်အခြေခံအကောက်ခွန်နှုန်းများ (ကုန်စည်လိုင်း ၂၄ မျိုး) တွင် ၀% ကောက်ခံမည့် ကုန်စည် လိုင်း ၈ မျိုး (အခြားယာဉ်များပါဝင်ပါသည်)၊ ၁၇.၅% ကောက်ခံသော ကုန်စည်လိုင်း ၁၆ မျိုး (လူနာတင် ယာဉ်နှင့်အိမ်စီးယာဉ်များ) ပါဝင်ပြီး၊ ကုန်စည်လိုင်းအားလုံးကို ၂၀၁၂ နောက်ဆုံးထား၍ အကောက်ခွန် ဖယ်ရှား ပေးမည်ဖြစ်ပါသည်။ လူနာတင်ယာဉ်အပေါ်ကောက်ခံသည့် အကောက်ခွန်နှုန်း ၁၇.၅% ကို စာချုပ် အသက် ဝင်သည်နှင့် ၀% သို့လည်းကောင်း၊ အိမ်စီးယာဉ်များကို ၂၀၁၂ ခုနှစ်တွင် ၀% သို့လည်းကောင်း ဖယ်ရှားပေးမည် ဖြစ်ပါသည်။

## (၁၀) အဝတ်အထည်နှင့်ဖိနပ်များ (HS 61, 62, 64 )

### ဩစတြေးလျ

၁၂၃။ ဩစတြေးလျနိုင်ငံသည် အဝတ်အထည်နှင့်ဖိနပ်များကို နှစ်စဥ်အာဆီယံနိုင်ငံများမှ အမေရိကန်ဒေါ်လာ ၂၂၀.၄ သန်းနီးပါး ၊ တစ်ကမ္ဘာလုံးမှ အမေရိကန်ဒေါ်လာ ၄.၄ ဘီလီယံနီးပါးတင်သွင်းလျှက်ရှိပါသည်။ အဝတ်အထည်အများစုကို အကောက်ခွန်နှုန်း ၁၇.၅% ဖြင့် ကောက်ခံလျှက်ရှိပြီး၊ ဖိနပ်များကိုမူ ၁၀% ဖြင့် ကောက်ခံလျှက်ရှိပါသည်။

### အဝတ်အထည်များ

၁၂၄။ ကုန်စည်လိုင်းအားလုံးအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းကို ၂၀၂၀ ပြည့်နှစ်တွင် ဖယ်ရှား ပေးမည် ဖြစ်ပါသည်။လျှော့ချမည့် အစီအစဥ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- ၀% ကောက်ခံသော ကုန်စည် (၃၁) မျိုးနှင့် ၅% ကောက်ခံသောကုန်စည် (၃) မျိုးတို့ကို စာချုပ် အသက်ဝင်သည်နှင့် ၀% သို့လည်းကောင်း
- ၇.၅% ကောက်ခံသော ကုန်စည် ၂၈ မျိုးအား ၂၀၁၀ ပြည့်နှစ်တွင် လည်းကောင်း
- ၁၇.၅% ကောက်ခံသော ကုန်စည် ၂၁၆ မျိုးအနက် (၆၁) မျိုးအား စာချုပ်စတင်အသက်ဝင်သည် နှင့်လည်းကောင်း (သို့မဟုတ်) (၆) မျိုးအား ၂၀၁၂ ခုနှစ်တွင် ၀% သို့လည်းကောင်း (သို့မဟုတ်) (၂၂) မျိုးအား ၂၀၁၅ ခုနှစ်တွင်လည်းကောင်း (၁၂၇) မျိုးအား ၂၀၂၀ ပြည့်နှစ်တွင် လည်းကောင်း အကောက်ခွန်ဖယ်ရှားပေးမည် ဖြစ်ပါသည်။

### ဖိနပ်များ

၁၂၅။ စာချုပ်အသက်ဝင်သည်နှင့် ကုန်စည်အားလုံး၏ အကောက်ခွန်များကို ဖယ်ရှားပေးမည်ဖြစ်ပါသည်။ ၀% ကောက်ခံသော ကုန်စည် (၁၁) မျိုး၊ ၅% ကောက်ခံသောကုန်စည် (၂) မျိုး၊ ၇.၅% ကောက်ခံသော ကုန်စည် (၅) မျိုး၊ ၁၀% ကောက်ခံသောကုန်စည် (၂၂) မျိုးတို့အား စာချုပ်စတင်အသက်ဝင်သည်နှင့် ၀%သို့ လျှော့ချပေးမည် ဖြစ်ပါသည်။

### နယူးဇီလန်

၁၂၆။ နယူးဇီလန်နိုင်ငံသည် အာဆီယံနိုင်ငံများမှ အဝတ်အထည်နှင့် ဖိနပ်များကို နှစ်စဥ်အမေရိကန်ဒေါ်လာ ၃၀.၆ သန်းနီးပါးတင်သွင်းလျှက်ရှိပြီး တစ်ကမ္ဘာလုံးအနေနှင့်မူ အမေရိကန်ဒေါ်လာ ၂.၅ ဘီလီယံနီးပါး တင်သွင်း လျှက်ရှိပါသည်။ နယူးဇီလန်နိုင်ငံသို့ ဝင်ရောက်လာသောအဝတ်အထည်အများစုကို အကောက်ခွန်နှုန်း ၁၉% ကောက်ခံလျှက်ရှိပြီး၊ ဖိနပ်များကိုမူ အကောက်ခွန်နှုန်း ၁၇.၅% မှ ၁၉% ကြားကောက်ခံလျှက်ရှိပါသည်။

### အဝတ်အထည်များ

၁၂၇။ ကုန်စည်အားလုံးအပေါ်ကောက်ခံသည့် အကောက်ခွန်ကို ၂၀၂၀ ပြည့်နှစ်တွင်ဖယ်ရှားပေးမည် ဖြစ်ပါသည်။ လျှော့ချပေးမည့်အစီအစဥ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ၀% မှ ၅% အကြားကောက်ခံသော ကုန်စည်များကို စာချုပ်စတင်အသက်ဝင်သည့်အခါ ၀% သို့လည်းကောင်း

- ၇% မှ ၇.၅% ကြားကောက်ခံသောကုန်စည်များကို ၂၀၁၇ ခုနှစ်တွင် ၀% သို့လည်းကောင်း (လက်အိတ်များ၊ ပလတ်စတစ်၊ ရာဘာဖြင့်ဖုံးအုပ်ထားသော ချည်ထိုး (သို့မဟုတ်) ဇာထိုး )
- ၁၉% ကောက်ခံသောကုန်စည် (၁၇၆) မျိုးကို ၂၀၁၇ ခုနှစ်တွင် လည်းကောင်း (သို့မဟုတ်) (၁၀၁) မျိုးကို ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း (သို့မဟုတ်) (၂) မျိုးကို ၂၀၁၂ ခုနှစ်တွင်လည်းကောင်း ၀% သို့လျှော့ချပေးမည်ဖြစ်ပါသည်။

**ဖိနပ်**

၁၂၈။ ဤကဏ္ဍရှိကုန်စည်အများစု၏ အကောက်ခွန်နှုန်းများမှာ ၁၇.၅% မှ ၁၉%ကြားရှိပြီး ၎င်းတို့ကို ၂၀၁၇ (သို့မဟုတ်) ၂၀၁၈ ခုနှစ်တွင် ၀% သို့ လျှော့ချပေးမည်ဖြစ်ပါသည်။

၁၂၉။ ကုန်စည်အားလုံး၏ အကောက်ခွန်နှုန်းများကို ၂၀၁၈ ခုနှစ်တွင် ဖယ်ရှားပေးမည်ဖြစ်ပါသည်။ ၀% ကောက်ခံသောကုန်စည်များကို စာချုပ်စတင်အသက်ဝင်သည်နှင့် ဖယ်ရှား ပေးမည်ဖြစ်ပါသည်။ ၇% မှ ၇.၅% ကြားကောက်ခံသောကုန်စည်များ (ဖိနပ်ပြုလုပ်ရာတွင်အသုံးပြုသည့်အပိုင်းများ) ကို၂၀၁၇ ခုနှစ်တွင် ၀% သို့ လည်းကောင်းလျှော့ချပေးမည်ဖြစ်ပါသည်။

**(၁၁) အထည်အလိပ်နှင့်အထည်အလိပ်ပစ္စည်းများ (HS 50,5108-5113, 5207-5212, 53-60, 63 )**

**ဩစတြေးလျ**

၁၃၀။ ၂၀၀၅ ခုနှစ်အခြေခံအကောက်ခွန်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ၀% ကောက်ခံသည့်ကုန်စည်လိုင်း (၁၁၄) မျိုး
- ၅% ကောက်ခံသည့်ကုန်စည်လိုင်း (၁၁၄) မျိုး
- ၇.၅% ကောက်ခံသည့်ကုန်စည်လိုင်း (၈၆) မျိုး
- ၁၀% ကောက်ခံသည့်ကုန်စည်လိုင်း (၂၇၃) မျိုး
- ၁၇.၅% ကောက်ခံသည့်ကုန်စည်လိုင်း (၁၈) မျိုး

၁၃၁။ ကုန်စည်လိုင်းအားလုံးအပေါ်ကောက်ခံမည့် အကောက်ခွန်နှုန်းများကို ၂၀၂၀ ပြည့်နှစ်တွင် ဖယ်ရှား ပေးမည် ဖြစ်ပါသည်။

- ၀% ကောက်ခံသောကုန်စည်လိုင်း (၅၆၃) မျိုးအားစာချုပ်စတင်အသက်ဝင်သည်နှင့် (သို့မဟုတ်) ၂၀၁၀ ပြည့်နှစ်တွင် အကောက်ခွန်ဖယ်ရှားပေးမည်ဖြစ်ပါသည်။
- ကျန်ရှိသောကုန်စည်များအနက် ကုန်စည်လိုင်း (၂) မျိုးအား ၂၀၁၅ ခုနှစ်တွင် ၀% သို့လည်းကောင်း၊ ကုန်စည်လိုင်း (၄၀) မျိုးအား၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း ၀% သို့လျှော့ချပေးမည်ဖြစ်ပါသည်။
- ၀% ကောက်ခံသောကော်ဇောများ - အချို့ကော်ဇောများ (လက်လုပ်၊ အုန်းဆံမျှင်၊ နာနတ်လျှော်၊ ဂုန်လျှော်၊ ဝါဂွမ်းတို့ဖြင့် ပြုလုပ်ထားသော) ကို စာချုပ်စတင်အသက်ဝင်သည်နှင့် ၀% သို့လည်း ကောင်း၊ ၁၀% ကောက်ခံသောကုန်စည်များကို ၂၀၂၀ ပြည့်နှစ်တွင် ၀% သို့လည်းကောင်း လျှော့ချ မည်ဖြစ်ပါသည်။

**နယူးဇီလန်**

၁၃၂။ ၂၀၀၅ ခုနှစ်အခြေခံအကောက်ခွန်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- ၀% ကောက်ခံမည့်ကုန်စည် (၄၂၈) မျိုး
- ၅% မှ ၇.၅% ကြားကောက်ခံမည့် ကုန်စည် (၁၂၀) မျိုး
- ၁၂% မှ ၁၂.၅% ကြားကောက်ခံမည့် ကုန်စည် (၁၂၂) မျိုး
- ၁၇% မှ ၁၇.၅% ကြားကောက်ခံမည့် ကုန်စည် (၄၀) မျိုး
- ၁ ကီလိုဂရမ် လျှင် နယူးဇီလန်ဒေါ်လာ ၃.၅ နှုန်းဖြင့် အထူးကောက်ခံမည့် ကုန်စည်လိုင်း (၂) မျိုး

ကုန်စည်အားလုံးအပေါ်ကောက်ခံမည့် အကောက်ခွန်များကို ၂၀၂၀ ပြည့်နှစ်တွင် ဖယ်ရှားပေးမည်ဖြစ်ပါသည်။

၁၃၃။ ကုန်စည်အများစုကို စာချုပ်အသက်ဝင်သည်နှင့် ၀% သို့ လည်းကောင်း (သို့မဟုတ်) ကုန်စည် (၄၅၇) မျိုးကို ၂၀၁၀ ပြည့်နှစ်တွင် ၀% သို့လည်းကောင်း၊ အကောက်ခွန်လျှော့ချပေးမည် ဖြစ်ပါသည်။ ကျန်ကုန်စည်များ အနက် (၅၉) မျိုးကို ၂၀၁၂ ခုနှစ်တွင် လည်းကောင်း၊ (၂) မျိုးကို ၂၀၁၆ ခုနှစ်တွင် လည်းကောင်း၊ ကျန်ရှိသော ၂၂ မျိုးကို ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း ၀% သို့ လျှော့ချ ပေးမည်ဖြစ်ပါသည်။

၁၃၄။ ကော်ဇောများ - ၁၇% ကောက်ခံသော အချို့ကော်ဇောများကို ၂၀၁၇ ခုနှစ်တွင် ၀% သို့လည်းကောင်း၊ ၁၇.၅% ကောက်ခံသော မော်တော်ကားတပ်ဆင်ရာတွင် အသုံးပြုရန်အတွက် ဖြတ်တောက်၍ ပုံစံသွင်းထားသောကော်ဇောများကို ၂၀၁၀ ပြည့်နှစ်တွင် အကောက်ခွန် ဖယ်ရှားပေးမည်ဖြစ်ပြီး၊ ၁၂.၅% ကောက်ခံသော သက္ကလပ်ဖြင့် ပြုလုပ်ထားသည့်ကော်ဇောများကို ၂၀၁၇ ခုနှစ်တွင် ၀% သို့လည်းကောင်း လျှော့ချမည်ဖြစ်ပါသည်။

**(၁၂) တွင်းထွက်ပစ္စည်းများနှင့် လောင်စာဆီများ ( HS 25-27 )**

**ဩစတြေးလျ**

၁၃၅။ ဩစတြေးလျနိုင်ငံသည် အာဆီယံနိုင်ငံများမှ တွင်းထွက်ပစ္စည်းများနှင့် လောင်စာဆီများကို နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့် တစ်ကမ္ဘာလုံးအနေနှင့်မူ နှစ်စဉ်အမေရိကန်ဒေါ်လာ ၂၃.၃ ဘီလီယံခန့်တင်သွင်းလျက်ရှိပါသည်။ ဩစတြေးလျနိုင်ငံအနေဖြင့် ဤကဏ္ဍရှိ ကုန်စည်လိုင်းအများစုကို အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားပြီး ကုန်စည် (၁၄) လိုင်း (ကျောက်မီးသွေးဓါတ်ငွေ့၊ ရေငွေ့ ၊ အလားတူဓာတ်ငွေ့များနှင့် ရေနံထွက်ဓါတ်ငွေ့မှအပ အခြားဓာတ်ငွေ့နှင့် အခြား ဟိုက်ဒရိုကာဗွန်ဓာတ်ငွေ့များ၊ ဗီနော) အား ၅% ကောက်ခံလျက်ရှိပါသည်။ အဆိုပါ ကုန်စည် (၁၄) မျိုး၏ အကောက်ခွန်များကို ၂၀၁၀ ပြည့်နှစ်တွင် ဖယ်ရှားပေးမည်ဖြစ်ပါသည်။

၁၃၆။ ၂၀၀၅ ခုနှစ် အခြေခံအကောက်ခွန်နှုန်းများ ( ကုန်စည် (၂၅၁) မျိုး ) တွင် ၀% ကောက်ခံသော ကုန်စည်လိုင်း ၂၃၇ မျိုး၊ ၅% ကောက်ခံသော ကုန်စည်လိုင်း (၁၄) မျိုး (ကျောက်မီးသွေးဓါတ်ငွေ့၊ ရေငွေ့ 'ရေနံထွက်ဓါတ်ငွေ့မဟုတ်သည့် အခြားဓါတ်ငွေ့များ၊ စကျင်ကျောက်များနှင့် အခြား ဟိုဒရိုကာဗွန်ဓါတ်ငွေ့များ) ပါဝင်ပါသည်။ အကောက်ခွန်များကို စာချုပ်အသက်ဝင်သည်နှင့် ဖယ်ရှားပေးမည်ဖြစ်ပြီး၊ ကုန်စည်လိုင်း (၁)လိုင်း ကိုမူ ၂၀၁၀ ပြည့်နှစ်တွင် ဖယ်ရှားပေးမည်ဖြစ်ပါသည်။

**နယူးဇီလန်**

၁၃၇။ နယူးဇီလန်နိုင်ငံတွင် အကောက်ခွန် ၅ - ၇% ကောက်ခံသော ကုန်စည်လိုင်း (၉) မျိုး (လေယာဉ်ဆီ၊ ရေနံဆီ၊ ချောဆီ စသော) မှလွဲ၍ ကျန်ကုန်စည် လိုင်းအများစု ကို အကောက်ခွန်ကင်းလွတ် ခွင့်ပြုပြီးဖြစ်ပါသည်။ ၂၀၀၅ ခုနှစ် အခြေခံအကောက်ခွန်လိုင်း (၁၈၅)မျိုးတွင် ကောက်ခံသော ကုန်စည်လိုင်း (၁၇၆) မျိုး၊ ၆.၅% ကောက်ခံသော ကုန်စည်လိုင်း (၃) မျိုး (လောင်စာဆီများ)၊ ၅% ကောက်ခံသော ကုန်စည်လိုင်း (၁) မျိုးမှလွဲ၍ ကျန်ကုန်စည်များအပေါ် ကောက်ခံသော အကောက်ခွန်များကို စာချုပ်အသက်ဝင်သည့်နှင့် ဖယ်ရှားပေးမည် ဖြစ်ပြီး အဆိုပါကုန်စည်ကိုမူ ၂၀၁၀ ပြည့်နှစ်တွင် အကောက်ခွန် ဖယ်ရှားပေးမည်ဖြစ်ပါသည်။

**(၁၃) သစ်နှင့် သစ်ဖြင့်ပြုလုပ်ထားသော ပစ္စည်းများ (H.S 44)**

၁၃၈။ ဩစတြေးလျနိုင်ငံသည် ဤကုန်စည်အုပ်စုပါ ကုန်ပစ္စည်းအများစုကို ၅% ကောက်ခံလျှက်ရှိ ပါသည်။ ၂၀၀၅ ခုနှစ် အခြေခံအကောက်ခွန်လိုင်း (၁၀၂) မျိုးတွင် ၀% ကောက်ခံသော ကုန်စည် (၂၆) မျိုး၊ ၅% ကောက်ခံသော ကုန်စည် (၇၆) မျိုး ပါဝင်ပါသည်။ ကုန်စည် (၁) လိုင်း (ဖိုက်ဘာအပြား) ကို ၂၀၀၉ အထိ ၅% ကောက်ခံပြီး၊ ၂၀၂၀ ပြည့်နှစ်တွင်မှ အကောက်ခွန်ဖယ်ရှားပေးမည်ဖြစ်ပါသည်။ ကျန်ကုန်စည်များကိုမူ ၂၀၁၀ ပြည့်နှစ်တွင် အကောက်ခွန်ဖယ်ရှားပေးမည်ဖြစ်ပါသည်။

**နယူးဇီလန်**

၁၃၉။ နယူးဇီလန်နိုင်ငံသည် ဤကုန်စည်အုပ်စုရှိကုန်ပစ္စည်းအများစုကို ၅% မှ ၇% ကြား ကောက်ခံလျှက်ရှိသည်။ ၂၀၀၅ ခုနှစ် အခြေခံကုန်စည်လိုင်း (၁၃၉) မျိုးတွင် ၀% ကောက်ခံသည့် ကုန်စည် (၆၉) မျိုး၊ ၅% ကောက်ခံမည့် ကုန်စည် (၂၉) မျိုး၊ ၆.၅% မှ ၇% ကြား ကောက်ခံသည့် ကုန်စည် (၄၁)မျိုး ပါဝင်ပါသည်။

၁၄၀။ ၂၀၁၂၊ ၂၀၁၇ နှင့် ၂၀၂၀ တို့တွင် အကောက်ခွန်ဖယ်ရှားပေးမည့် ကုန်စည် (၂၈) မျိုးမှလွဲ၍ ကျန်ကုန်စည်များအား ၂၀၁၀ ပြည့်နှစ်တွင် အကောက်ခွန်ဖယ်ရှားပေးမည် ဖြစ်ပါသည်။ ၅% ကောက်ခံသည့် ကုန်စည် (၁၂) မျိုးနှင့် ၇% ကောက်ခံသည့်ကုန်စည် (၅) မျိုး (သစ်သား (သို့မဟုတ်) အခြားအသားဖြင့် ပြုလုပ်ထားသည့် ဖိုင်ဘာအပြားများ ) တို့ကို ၂၀၁၂ ခုနှစ်တွင် ၀% သို့ လျှော့ချပေးမည်ဖြစ်ပါသည်။ ၅% ကောက်ခံလျှက်ရှိသည့် ကုန်စည် (၂) မျိုး ( အပူပိုင်းသစ်သားပါဝင်သည့်အထပ်သား) ကို ၂၀၁၇ ခုနှစ်တွင် ၀% သို့ လျှော့ချပေးမည်ဖြစ်ပါသည်။ ၅% ၊ ၆.၅% ၊ ၇% အသီးသီးကောက်ခံလျှက်ရှိသော ကုန်စည် (၉) မျိုး ( အထပ်သား၊ သစ်သား၊ သစ်သားဘောင်၊ ပုံစံသွင်းထားသောသစ်သားများစသည့် ) တို့ကို ၂၀၂၀ ပြည့်နှစ်တွင် ၀% သို့ လျှော့ချပေးမည်ဖြစ်ပါသည်။

**(၁၄) သံနှင့်သံမဏိ ( HS 72-73 )**

**ဩစတြေးလျ**

၁၄၁။ ဤကဏ္ဍရှိ ကုန်စည်လိုင်းအများစု (၈၀% နီးပါး) ကို အကောက်ခွန်နှုန်း ၅% ကောက်ခံလျှက်ရှိပါသည်။ ၂၀၀၅ အခြေခံအကောက်ခွန်နှုန်း ( ကုန်စည် (၃၀၅) မျိုး )တွင်၀% ကောက်ခံမည့် ကုန်စည် (၅၅) မျိုး ၊ ၅% ကောက်ခံမည့် ကုန်စည် (၂၄၃) မျိုး၊ ၁၀% ကောက်ခံမည့်ကုန်စည် (၇) မျိုး၊ ၂၀၂၀ပြည့်နှစ်တွင် ၀% သို့ လုံး၀ လျှော့ချခြင်းမပြုမီ အကောက်ခွန်နှုန်း ၅% ကောက်ခံမည့် ကုန်စည် (၃) မျိုး( H.S 7304.10.00 , 7305.12.00 , 730660.00 ) မှလွဲ၍ ကျန်ကုန်စည်အားလုံးအား စာချုပ်စတင်အသက်ဝင်သည်နှင့် အကောက်ခွန်ဖယ်ရှားပေးမည်

ဖြစ်ပါ သည်။ အဆိုပါကုန်စည်များ တွင် ဆီ/ဓါတ်ငွေ့ပိုက်လိုင်းများအတွက် ပိုက်များ၊ သံ/သံမဏိပိုက်၊ ပိုက်နှင့် သံ/သံမဏိ အခေါင်းပေါက်ပါသောပိုက်များပါဝင်ပါသည်။

**နယူးဇီလန်**

၁၄၂။ ဤကဏ္ဍရှိကုန်စည်လိုင်းအနည်းစုကို ၁၀% နှင့် ၁၇.၅ % ကောက်ခံလျှက်ရှိပြီး အများစုကို ၅% မှ ၇% ကြားကောက်ခံလျှက်ရှိပါသည်။

၂၀၀၅ ခုနှစ် အခြေခံအကောက်ခွန်နှုန်းများ ( ကုန်စည် (၄၄၅) မျိုး )

- ၀% ကောက်ခံမည့်ကုန်စည် (၂၀၁) မျိုး
- ၅% ကောက်ခံမည့်ကုန်စည် (၁၂၂) မျိုး
- ၆.၅% မှ ၇% ကြား ကောက်ခံမည့်ကုန်စည် (၁၁၆) မျိုး
- ၁၀% ကောက်ခံမည့်ကုန်စည် (၃) မျိုး
- ၁၇.၅% ကောက်ခံမည့်ကုန်စည် (၃) မျိုး
- ကုန်စည် (၂၀၄) မျိုးအား စာချုပ်စတင်အသက်ဝင်သည်နှင့် အကောက်ခွန်ဖယ်ရှားပေးမည်ဖြစ်ပြီး၊ ကျန်ကုန်စည်များကို ၂၀၁၈ ခုနှစ်တွင် ၀% သို့ လျှော့ချပေးမည်ဖြစ်ပါသည်။
- ၀% နှင့် ၁၀% ကောက်ခံသော ကုန်စည်များကို စာချုပ်အသက်ဝင်သည်နှင့် ၀% သို့လည်းကောင်း၊ ၁၇.၅% ကောက်ခံသောကုန်စည်များ ( H.S 7320.10.02 , 7320.20.02 , 7320.90.02 )ကို ၂၀၁၀ ပြည့်နှစ်တွင် ၀% သို့လည်းကောင်း လျှော့ချမည်ဖြစ်ပါသည်။ ( အဆိုပါကုန်စည်များကို အောက်တွင် ဖော်ပြထားပါသည်။ )
- ၆.၅% ကောက်ခံသောကုန်စည်များကို ၂၀၁၂ခုနှစ်တွင် ၀% သို့ လျှော့ချပေးမည်ဖြစ်ပါသည်။ (ဥပမာ - သံ (သို့မဟုတ်) သံဖြူဖြင့်ဖုံးအုပ်ပြုလုပ်ထားသော အပြားများကို ၂၀၁၀ ခုနှစ်တွင် ၅% သို့ လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ၀% သို့လျှော့ချခြင်းမပြုမီ ၂၀၁၁ ခုနှစ်တွင် ၃% သို့လည်းကောင်း လျှော့ချပေးမည်ဖြစ်ပါသည်။ )
- ၇% ကောက်ခံသော ကုန်စည်များကို ၂၀၁၂ ခုနှစ်တွင် ၀% သို့လျှော့ချပေးမည်ဖြစ်ပါသည်။ (သံ/သံမဏိ ဖြင့်ပြုလုပ်ထားသော ပစ္စည်းများ၊ ဆီနှင့် ဓါတ်ငွေ့ပိုက်လိုင်းများ၊ အခြားပိုက်များ ပါဝင်ပါသည်။)
- ၅% ကောက်ခံသောကုန်စည်များကို ၂၀၂၀ ပြည့်နှစ်တွင် ၀% သို့ လျှော့ချပေးမည်ဖြစ်ပါသည်။ (အချို့ကုန်ပစ္စည်းများကို ၂၀၁၂ ခုနှစ်တွင် ၀% သို့ လျှော့ချမည်ဖြစ်ပါသည်) အချို့သောကုန်စည်များကိုမူ ၂၀၁၃ ခုနှစ်အထိ ၅% ကောက်ခံမည်ဖြစ်ပါသည်။

**ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာအခွင့်အလမ်းများ**

၁၄၃။ AANZFTA ၏ ဝန်ဆောင်မှုကုန်သွယ်ရေးတွင် ဩစတြေးလျနှင့်နယူးဇီလန်တို့သည် အခြား WTO အဖွဲ့ဝင်နိုင်ငံများကို ပေးအပ်ထားခြင်းမရှိသည့် အသစ် (သို့မဟုတ်) ပြန်လည် စဉ်းစားထားသော အခွင့်အလမ်း များဖန်တီးပေးမည့် ကတိကဝတ် အများအပြားကို အာဆီယံတင်ပို့သူများအတွက် သဘောတူညီခဲ့ကြပါသည်။

၁၄၄။ ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာယေဘူယျသဘောတူညီချက် (GATS) ၏ ကတိကဝတ်များ ထက်သာလွန်၍ ဩစတြေးလျ၊ နယူးဇီလန် တို့အနေဖြင့် သဘောတူညီခဲ့ကြသော နယ်ပယ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**ဩစတြေးလျနိုင်ငံအနေဖြင့် AANZFTA တွင် GATS ထက်သာလွန်သည့် ဝန်ဆောင်မှုကတိကဝတ်များအကျဉ်းချုပ်ကဏ္ဍအလိုက်ကတိကဝတ်များ**

**(၁) စီးပွားရေးလုပ်ငန်းဝန်ဆောင်မှုများ**

**ဥပဒေဆိုင်ရာဝန်ဆောင်မှု**

- အိမ်ရှင်နိုင်ငံ၏ ဥပဒေနှင့်အညီ ဥပဒေအရအကြံဉာဏ်ပေးခြင်းနှင့် ကိုယ်စားပြုခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊
- ဩစတြေးလျနိုင်ငံအနေဖြင့် Mode ၁၊ ၂၊ ၃ အားအပြည့်အဝ ဖြေလျော့ပေးမည့် ကတိကဝတ်အသစ်များ ထပ်မံဖြည့်စွက်ခြင်း၊
- ပြည်ပဥပဒေနှင့် နိုင်ငံတကာဥပဒေများအရ ဥပဒေ အကြံဉာဏ်ပေးခြင်းဝန်ဆောင်မှုလုပ်ငန်းများ၊
- AANZFTA ကတိကဝတ်များတွင် ဥပဒေဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်နေသူ ပုဂ္ဂိုလ်တစ်ဦးသည် ပြည်တွင်း ဥပဒေလုပ်ငန်းအဖွဲ့များတွင် ဥပဒေအကြံပေးအဖြစ် ဆောင်ရွက်နိုင်သော်လည်း၊ ဩစတြေးလျတောင်ပိုင်းတွင်မူ ပြည်တွင်းရှေ့နေအဖြစ် အမှုထမ်းခြင်း (သို့မဟုတ်) အစုစပ်ဆောင်ရွက်ခြင်းများကို မဆောင်ရွက်နိုင်ပါ။ GATS တွင်မူ အဆိုပါတားမြစ်ချက်ကို ဩစတြေးလျတောင်ပိုင်း တစ်ခုတည်းအတွက်မဟုတ်ဘဲ၊ ဩစတြေးလျနိုင်ငံတစ်ခုလုံးအတွက် အသုံးပြုပါသည်။

- GATS တွင်မူ ဥပဒေ အကြံဉာဏ်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုတွင် Victoria , NSW ဒေသများ၌ အမြဲတန်းနေထိုင်သူ (သို့မဟုတ်) QLD ဒေသတွင် ပြက္ခဒိန်နှစ်တစ်နှစ်၌ အနည်းဆုံး ရက်ပေါင်း (၁၈၀) နေထိုင်သူ ရှယ်ယာ အစုစပ်တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ အဆိုပါ ပြည်တွင်း/ ပြည်ပ၌ ခွဲခြားဆက်ဆံမှု မပြုလုပ်သည့် (National treatment) ကန့်သတ်ချက်ကို AANZFTA တွင် ဖြေလျော့ပေးထားပါသည်။

**သူနာပြုနှင့်ဝမ်းဆွဲဆရာမများ**

- AANZFTA တွင် ကဏ္ဍခွဲအသစ်တစ်ခုအနေဖြင့် ထပ်မံထည့်သွင်းထားသော်လည်း စျေးကွက်ဝင်အခွင့်အလမ်းနှင့် ပြည်တွင်း/ပြည်ပ၌ ခွဲခြားဆက်ဆံမှုမပြုလုပ်သည့် ကန့်သတ်မှုများတွင်နည်းလမ်း (၁၊ ၂၊ ၃) အတွက်မူ ဖြေလျော့ပေးခြင်း မရှိသေးပါ။ အဆိုပါ ကတိကဝတ်အသစ်သည် ဩစတြေးလျနိုင်ငံတွင် လုပ်သားများယာယီ ရွှေ့ပြောင်းလုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများကို သေချာစေမည်ဖြစ်ပါသည်။

**ဓါတ်သတ္တုတူးဖော်ခြင်းဆိုင်ရာဝန်ဆောင်မှု**

- သတ္တုတူးဖော်ခြင်းနှင့် ရေနံတူးဖော်ရေး ရေနံလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများနှင့်ပတ်သက်၍ အခကြေးငွေ/ စာချုပ်ချုပ်ဆိုမှုများအတွက် တိုင်ပင်ဆွေးနွေးသည့် ဝန်ဆောင်မှုလုပ်ငန်းများကို GATS တွင်

CPC 883 သာ ဖြေလျှော့ထားမှုအစား AANZFTA တွင် CPC 5115 ကိုပါ ထပ်မံဖြေလျှော့ပေးထား ပါသည်။

**(၂) ဆက်သွယ်ရေး**

- ဩစတြေးလျနိုင်ငံသည် GATS တွင်ပါဝင်သည့် ခေတ်မမီတော့သည့် ကန့်သတ်ချက်များကို ဖယ်ရှားလိုက်ပြီး၊ ယခင်အစိုးရပိုင်ဆိုင်သည့် လုပ်ငန်းများတွင် နိုင်ငံခြားသားများ ပမာဏများစွာဖြင့် ပါဝင်ဆောင်ရွက် နိုင်ရန် ခွင့်ပြုပါသည်။
- ဩစတြေးလျနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍခွဲအတွက် နယ်စပ်ဖြတ်ကျော်ထောက်ပံ့ပေးမှုနှင့် နိုင်ငံခြားတွင် သွားရောက်သုံးစွဲခြင်းတို့အတွက် ဈေးကွက်ဝင်ခွင့် အခွင့်အလမ်း (Market access) နှင့် ပြည်တွင်း/ပြည်ပဋ္ဌခွဲခြားဆက်ဆံမှုမပြုလုပ်သည့် (National Treatment) တို့တွင် ကန့်သတ်မှု များ ဖြေလျှော့ပေးခဲ့ပါသည်။
    - သို့ရာတွင် ပြည်ပမှ လုပ်ငန်းရှင်လာရောက်လုပ်ကိုင်ခြင်း (Commercial presence) နှင့် ပတ်သက်သည့် လိုအပ်ချက်များ မှာ အောက်ပါအတိုင်းဖြစ်ပါသည် -
        - လုပ်ငန်းလိုင်စင်သည်တစ်ခုကို လုပ်ဆောင်ခွင့်ရသော အဖွဲ့အစည်းတစ်ခုသည် အစိုးရ အဖွဲ့အစည်း တစ်ခု (သို့) ဩစတြေးလျ ဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်း (သို့မဟုတ်) အစုစပ်လုပ်ငန်း ရှင်တစ်ဦး ဖြစ်ရပါမည်။
        - ပူးပေါင်းဆောင်ရွက်မှုများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို Telstra တွင် ၃၅% အထိ ခွင့်ပြုလျှက်ရှိပြီး၊ နိုင်ငံခြားသား ပုဂ္ဂလိကတစ်ဦးချင်းစီအတွက်ကိုမူ ၅% အထိသာခွင့်ပြုပါသည်။
        - Telstra ၏ ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအများစုသည် ဩစတြေးလျနိုင်ငံသားများသာ ဖြစ်ရပါမည်။ Telstra သည် ယင်း၏ရုံးချုပ်၊ လုပ်ငန်းလည်ပတ်သည့် ဌာနချုပ် နှင့် ပူးပေါင်းဆောင်ရွက်သည့် နေရာများကို ဩစတြေးလျနိုင်ငံတွင်သာ ထားရှိရ ပါမည်။

**(၃) ပညာရေးဆိုင်ရာဝန်ဆောင်မှုများ**

- အခြားပညာရေးဆိုင်ရာ ဝန်ဆောင်မှုပုံစံမျိုးစုံကို AANZFTA ၏ ကတိကဝတ်များတွင် စာရင်းသွင်း ထားပါသည်။ ၎င်းတွင် အင်္ဂလိပ်စာနှင့် အခြားဘာသာများစစ်ဆေးခြင်း၊ သင်တန်းပေးခြင်း၊ တိုင်းရင်း ရိုးရာ ကသမှုများ၊ ရိုးရာရောဂါကုထုံးများ၊ ဂီတ၊ အက စသည်များ ပါဝင်ပါသည်။

**(၄) ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများ**

AANZFTA တွင် အောက်ဖော်ပြပါ ကဏ္ဍခွဲအသစ်များကို ဖြည့်စွက်ထားပါသည်။

- **ပတ်ဝန်းကျင်ရှိလေထုနှင့် ရာသီဥတုကို အကာအကွယ်ပေးခြင်း**

  လျှပ်စစ်စက်ရုံ (သို့မဟုတ်)စက်မှုဇုန်များတွင် လေထုညစ်ညမ်းမှုများကို ဖယ်ရှားပေးခြင်း၊ ထုတ်လွှင့်မှု များအား စောင့်ကြည့်လေ့လာခြင်း၊ ထိန်းချုပ်သည့်စနစ် (သို့မဟုတ်) လျှော့ချသည့်အစီအစဥ်များကို အကောင်အထည်ဖော်ခြင်းစသည့်ဝန်ဆောင်မှုလုပ်ငန်းများ

- **မြေနှင့်ရေ ကို ထိန်းသိမ်းခြင်းနှင့်ရှင်းလင်းခြင်း**
  သန့်စင်သည့်စနစ်၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်းများ၊ သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးအစီအစဥ်များနှင့် စောင့်ကြည့်လေ့လာသုံးသပ်ခြင်း၊ (ဥပမာ - ဓါတ်သတ္တုတူးဖော်ရေး လုပ်ငန်းများ မူလအခြေအနေတို့ ပြန်လည်ရောက်ရှိအောင်ဆောင်ရွက်ခြင်း)
- **ဆူညံမှုနှင့် တုန်ခါမှုလျှော့ချခြင်း**
  စောင့်ကြည့်လေ့လာသည့်အစီအစဥ်များ၊ ဆူညံမှုလျှော့ချသည့်စနစ်နှင့် ယင်းကို စောင့်ကြည့်မှုများ ဆောင်ရွက်ခြင်း
- **ဇီဝမျိုးစိတ်ကွဲပြားမှုနှင့် ရှုခင်းများအား ကာကွယ်ထိန်းသိမ်းခြင်း**
  သဘာဝအမွေအနှစ်များ ကာကွယ်ခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲမည့် သစ်တောများနှင့် အစားထိုး သစ်တောများတိုးမြှင့်ခြင်း တို့ပါဝင်ပါသည်။
- အခြားဝန်ဆောင်မှုများတွင် ပတ်ဝန်းကျင်ကို ထိခိုက်အကျိုးသက်ရောက်စေသော လုပ်ငန်းများ လေ့လာ စောင့်ကြည့်သည့်ဝန်ဆောင်မှုများ ပါဝင်ပါသည်။
- ယခင်က GATS တွင် မပါဝင်ခဲ့သော ကဏ္ဍခွဲအသစ်များ၌ Market Access နှင့် National Treatment များတွင် Mode ( 1,2,3) တို့ကို ဖြေလျှော့ပေးထားပါသည်။
- စွန့်ပစ်ရေနှင့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု ဝန်ဆောင်မှုလုပ်ငန်းများတွင် AANZFTA ၏ cross-border supply သည် market access (သို့မဟုတ်) National Treatment တွင် ကန့်သတ်မှု မရှိပါ။ သို့သော် GAT ၌ ဖြေလျှော့ပေးထားခြင်း မရှိသေးပါ။

(၅) **ငွေကြေးဆိုင်ရာ (ဘဏ္ဍာရေး) ဝန်ဆောင်မှုများ**

- ဘဏ်နှင့်အခြားငွေကြေးဆိုင်ရာဝန်ဆောင်မှုများအတွက် ဩစတြေးလျနိုင်ငံ၏ ကတိကဝတ်များတွင် ငွေလွှဲသည့် လုပ်ငန်းများ၊ ငွေလွှဲသည့်ဝန်ဆောင်မှုများပါဝင်ပါသည်။

(၆) **သယ်ယူပို့ဆောင်ရေး**

- ရေကြောင်းပို့ဆောင်ရေး၊ ကုန်ပစ္စည်းသယ်ဆောင်ရေး၊ စီးပွားရေးလုပ်ငန်းသုံးယာဥ်များငှါးရမ်းခြင်း၊ သိုလှောင်ရုံ လုပ်ငန်း၊ လေကြောင်း ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုများတွင် ကတိကဝတ်များ ပိုမိုပေးအပ် ထားပါသည်။
- ရေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် သင့်တော်ပြီး ခွဲခြားဆက်ဆံခြင်းမပြုသော အောက်ဖော်ပြပါ ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ကတိကဝတ်အသစ်များကို တိုးချဲ့ ပေးအပ်ထား ပါသည် -
  - ရေကြောင်း ပြခြင်း၊ တွန်းခြင်း၊ ဆွဲခြင်းအတွက် အကူအညီပေးခြင်း
  - ရိက္ခာထောက်ပံ့ခြင်း၊ ဆီဖြည့်ခြင်း၊ ရေဖြည့်ခြင်း
  - အမှိုက်သိမ်းခြင်း၊ စွန့်ပစ်ပစ္စည်းများစွန့်ပစ်ခြင်း
  - ဆိပ်ကမ်း သင်္ဘောအရာရှိဝန်ဆောင်မှုလုပ်ငန်း
  - ရေကြောင်းနှင့် သင်္ဘောဆိုင်ရာ အကူအညီပေးခြင်း

- မီးရထားပို့ဆောင်ရေးဝန်ဆောင်မှုသည် AANZFTA တွင် ကဏ္ဍခွဲအသစ်အနေဖြင့် ပါဝင်ပါသည်။ အဆိုပါကဏ္ဍခွဲတွင် ကုန်စည်ပို့ဆောင်ခြင်း၊ တွန်းခြင်း၊ ဆွဲခြင်း ဝန်ဆောင်မှုများ၊ မီးရထား ပို့ဆောင်ရေးဝန်ဆောင်မှုအတွက် အထောက်အကူပြုသောဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်ပါသည်။
- ဤကဏ္ဍရှိနည်းလမ်းအားလုံးအတွက် ဈေးကွက်ဝင်ခွင့် အခွင့်အလမ်းနှင့် ပြည်တွင်း/ပြည်ပဌာနခွဲခြားဆက်ဆံမှု မပြုလုပ်သည့် ကန့်သတ်မှုမရှိပါ။
- ယာဉ်မောင်းနှင့်တကွ စီးပွားရေးလုပ်ငန်းသုံးယာဉ်များ ငှါးရမ်းသည့် ဝန်ဆောင်မှုလုပ်ငန်းကို Mode 1, 2, 3 များတွင် ဖြေလျှော့မှုများ ပေးထားပြီး၊ ကတိကဝတ်အသစ်အနေဖြင့် ထပ်မံဖြည့်စွက်ထားပါသည်။
- မီးရထားလမ်း၊ ကုန်းလမ်း၊ လေကြောင်းတို့ဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်ခြင်း နှင့်ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းကို ကတိကဝတ်အသစ်အနေဖြင့် ဖြည့်စွက်ထားပါသည်။ ( ၎င်းကို Mode (1) တွင် နည်းပညာဆိုင်ရာအရ ဖြစ်နိုင်ချေမရှိကြောင်းနှင့် Mode (2)နှင့် Mode (3)တို့တွင် ဖြေလျှော့ပေးထားပါသည်)

၅၁

**နယူးဇီလန်နိုင်ငံအနေဖြင့် AANZFTA တွင် GATS ထက်သာလွန်သည့် ဝန်ဆောင်မှုကုန်သွယ်ရေးကတိကဝတ်များအကျဉ်းချုပ်**

၁။ **စီးပွားရေးဝန်ဆောင်မှု**

ဥပဒေရေးရာဝန်ဆောင်မှု

ဥပဒေနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံခြားဥပဒေရေးရာ ဝန်ဆောင်မှု ကတိကဝတ်တွင် ထပ်မံထည့်သွင်းပါသည်။ ဈေးကွက်ဝင်အခွင့်အလမ်း (သို့မဟုတ်) ပြည်တွင်း/ပြည်ပဠွဲခြားဆက်ဆံမှု မပြုလုပ်သည့် Mode (1, 2, 3) တွင် ဖြေလျော့ပေးထားပါသည်။

Engineering Services

မှတ်ပုံတင်ခြင်းနှင့် အသိအမှတ်ပြုခြင်းဆိုင်ရာ လိုအပ်ချက်များနှင့် ပတ်သက်၍ ကန့်သတ်မှုများကို ဖယ်ရှားထားပါသည်။ GATS တွင်မူ လုပ်ငန်းခွင် ကျန်းမာရေးနှင့်လုံခြုံရေးပါဝင်သော အချို့သော ကိစ္စရပ် များအား အသိအမှတ်ပြု ပေးရန်ကိစ္စရပ်၌ Market Access နှင့် National Treatment များမှ Mode 1, 3 နှင့် 4 တို့တွင် ကန့်သတ်မှုများရှိပါသည်။ (၎င်းမှာ မှတ်ပုံတင်အင်ဂျင်နီယာများသည် မူလကပင် နယူးဇီလန်နိုင်ငံတွင် နေထိုင်သူဖြစ်ရမည်ဟူသော အချက်ဖြစ်ပါသည်။ ) AANZFTA တွင်မူ အဆိုပါကန့်သတ်ချက်များ ဖော်ပြထားခြင်းမရှိပါ။

Veterinary Services ( တိရိစ္ဆာန်ဆေးကုသခြင်းဆိုင်ရာ ဝန်ဆောင်မှုများ )

GATS တွင် နယ်စပ်ဖြတ်ကျော် ထောက်ပံ့ဆောင်ရွက်ပေးမှုများကို နည်းပညာဆိုင်ရာ ဖြစ်နိုင်ချေမရှိသဖြင့် ဖြေလျော့မှု မပြုသော်လည်း၊ Market Access နှင့် National treatment ကို AANZFTA တွင် ဖြေလျော့ပေးထားပါသည်။

ကဏ္ဍခွဲအသစ်များ

ကဏ္ဍခွဲအသစ်များဖြစ်သည့် ဓါတ်ပုံရိုက်လုပ်ငန်း၊ အစည်းအဝေးကျင်းပပြုလုပ်သည့်လုပ်ငန်း၊ အကြွေးဝယ် ကဒ်မှတ်တမ်းတင်ခြင်းဝန်ဆောင်မှု ၊ စုစည်းကောက်ခံပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ အတွင်းပိုင်း ဒီဇိုင်းမွမ်းမံပြုလုပ်သည့် ဝန်ဆောင်မှုများ၊ တယ်လီဖုန်းဖြေကြားသည့်ဝန်ဆောင်မှုများ၊ မိတ္တူကူးသည့်လုပ်ငန်းများ၊ အခြားစီးပွားရေးလုပ်ငန်းများ (၎င်းတွင် စီးပွားရေးဆိုင်ရာ ပွဲစားလုပ်ငန်း၊ ရာဖြတ်လုပ်ငန်းများ၊ အတွင်းရေးမှူး ဆိုင်ရာဝန်ဆောင်မှုများ ၊ ပြခန်းပြပွဲဝန်ဆောင်မှုလုပ်ငန်းများစသည့်တို့ ဖြစ်ပါသည်။) တို့ ထပ်မံဖြည့်စွက် ထားပါသည်။

အထက်ဖော်ပြပါ ကဏ္ဍခွဲအားလုံး၏ market access (သို့မဟုတ်) national treatment များတွင် Mode 1, 2, 3 အတွက် ကန့်သတ်မှုမရှိပါ။ အကြွေးဝယ်ကဒ်မှတ်တမ်းတင်ခြင်းနှင့် ပတ်သက်၍ လူ၊ ပုဂ္ဂိုလ်၏ သတင်းအချက်အလက်များအား ၁၉၉၃ သီးသန့်ဥပဒေအရ သာ စုစည်းကောက်ခံရမည်ဖြစ်ပါသည်။

**၂။ ဆောက်လုပ်ရေးနှင့် ဆက်စပ်သောတည်ဆောက်ရေးလုပ်ငန်းများ**

အဆောက်အဦးဆောက်လုပ်ခြင်းနှင့် ယင်းနှင့်ဆက်နွယ်နေသော အင်ဂျင်နီယာဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်သော အဆောက်အဦတည်ဆောက်ရေးလုပ်ငန်းများ၊ တပ်ဆင်ခြင်း၊ အချောသတ်ခြင်း၊ ပြင်ဆင် ထိန်းသိမ်းခြင်း၊ ကိရိယာတန်ဆာပလာငှါးရမ်းခြင်းတို့ ပါဝင်ပါသည်။

- GATS တွင်မူ ဤကဏ္ဍအောက်ရှိ ကဏ္ဍခွဲအားလုံးအတွက် နယ်စပ်ဖြတ်ကျော် ဆောင်ရွက်ခြင်းကို ဈေးကွက်ဝင် အခွင့်အလမ်းနှင့် ပြည်တွင်း/ပြည်ပခွဲခြားဆက်ဆံမှုမပြုလုပ်သည့် ကိစ္စတွင် နည်းပညာဆိုင်ရာ ဖြစ်နိုင်ချေ မရှိခြင်းကြောင့် ဖြေလျှော့ခြင်းမပြုဘဲ ယခု AANZFTA တွင်မူ အကြံပေး / အတိုင်ပင်ခံ ဝန်ဆောင်မှု လုပ်ငန်းအတွက်ခွင့်ပြုပါသည်။ (ဆိုလိုသည်မှာ အကြံပေးသည့် ဝန်ဆောင်မှုလုပ်ငန်းကို နယ်စပ် ဖြတ်ကျော် ဆောင်ရွက်ပေးခြင်းအတွက် ကန့်သတ်ထားမှုမရှိပါ )
- တည်ဆောက်ရေးလုပ်ငန်းများအတွက် ကိရိယာများငှါးရမ်းသည့် ဝန်ဆောင်မှုလုပ်ငန်းကို AANZFTA တွင် ဈေးကွက်ဝင်အခွင့်အလမ်း (သို့မဟုတ်) ပြည်တွင်း/ပြည်ပခွဲခြားဆက်ဆံမှုမပြုလုပ်သည့် ကိစ္စရပ်များအပေါ် Mode 1, 2, 3 တို့အား ကန့်သတ် မှုမပြုပါ။

**၃။ ပညာရေးဝန်ဆောင်မှုများ**

AANZFTA တွင်ပညာရေးဝန်ဆောင်မှုများကို ထည့်သွင်းထားပါသည်။ ၎င်းတွင်နယူးဇီလန်နိုင်ငံ၏ မသင်မနေရ ကျောင်း ပညာရေးစနစ် ပြင်ပတွင် ဆောင်ရွက်သော အထူးသင်တန်းကျောင်းများ၌ မူလတန်းနှင့် အလယ်တန်း အဆင့်တွင် သင်ကြားသော ဘာသာရပ်များအတွက် ကျူရှင်များ ပါဝင်ပါသည်။

**၄။ ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများ**

ပတ်ဝန်းကျင်နှင့်ဆက်နွယ်လျှက်ရှိသော ဝန်ဆောင်မှုများအတွက် အကြံပေးဝန်ဆောင်မှုလုပ်ငန်းသည် AANZFTA တွင်ပါဝင်သည့်အချက်တစ်ခုဖြစ်ပြီး ၎င်းတွင် စွန့်ပစ်ရေနှင့် စွန့်ပစ်ပစ္စည်း စီမံ ခန့်ခွဲမှု ဝန်ဆောင်မှုများ၊ လေထုနှင့် ရာသီဥတုကာကွယ်ရေး၊ မြေနှင့်ရေ ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေး၊ ဆူညံမှုနှင့် တုန်ခါမှု ထိန်းသိမ်းရေး၊ ဇီဝမျိုးကွဲများနှင့်မြေသားထိန်းသိမ်းရေး၊ အခြားပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများ ပါဝင်ပါသည်။ ၎င်းတို့အတွက် အကြံပေး ဝန်ဆောင်မှုလုပ်ငန်းကိုသာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အထက်တွင်ဖော်ပြထားသော ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဈေးကွက်ဝင်ခွင့်အခွင့်အလမ်း (သို့မဟုတ်) ပြည်တွင်း/ပြည်ပခွဲခြားဆက်ဆံမှုမပြုလုပ်သည့် ကိစ္စရပ်များတွင် Mode 1, 2 & 3 များကို ကန့်သတ်မှုမရှိပါ။

**(၅) ငွေကြေးဆိုင်ရာ (ဘဏ္ဍာရေး) ဝန်ဆောင်မှုလုပ်ငန်း**

အသက်အာမခံမဟုတ်သည့် ဝန်ဆောင်မှုလုပ်ငန်းတွင် Apple & Marketing board နှင့် ပတ်သက်၍ ကန့်သတ်ထားချက်တစ်ခုကို ပယ်ဖျက်ပေးထားပါသည်။ GATS တွင် Apple & Pear Marketing Act အောက်၌ Marketing board တွင် စိုက်ပျိုးထုတ်လုပ်သူများကိုယ်စား မဖြစ်မနေအာမခံထားရေး စည်းရုံး ဆောင်ရွက်ရန်တာဝန်ရှိပြီး၊ အဆိုပါအာမခံအတွက် ပရီမီယံကြေးကို စိုက်ပျိုးထုတ်လုပ်သူများထံမှ ကောက်ခံမည် ဖြစ်ပါသည်။

၅၃

တစ်ဝက်တစ်ပျက်ကုန်ချောပစ္စည်းများအတွက် အာမခံထားရှိမှုနှင့် ပတ်သက်၍ ဂျုံထုတ်လုပ်သူများကို ဆောင်ရွက်စေမည့်ကိစ္စအသစ်တစ်ခုကိုလည်း ထည့်သွင်းထားပါသည်။ United Wheat Growers NZ Ltd သည် သဘာဝ ဘေးအန္တရာယ်အာမခံကို စိုက်ပျိုးထုတ်လုပ်သူများကိုယ်စား မဖြစ်မနေအာမခံထားရေး စည်းရုံးဆောင်ရွက်ရန် တာဝန်ရှိပြီး၊ အဆိုပါအာမခံအတွက် ပရီမီယံကြေးကို စိုက်ပျိုးထုတ်လုပ်သူများထံမှ ကောက်ခံမည်ဖြစ်ပါသည်။

**Notes on Accompanying CD**

This CD-ROM contains the following:

Part A: Text and schedules of the Agreement Establishing the ASEAN-Australia-New Zealand Free Trade Area (AANZFTA). It also includes the text of the Understanding on Article 1 (Reduction and Elimination of Customs Duties) of Chapter 2 (Trade in Goods Chapter) of the AANZFTA and the Implementing Arrangement for ASEAN-Australia-New Zealand Free Trade Area Economic Co-operation Work Programme Pursuant to Chapter 12 (Economic Cooperation) of the AANZFTA.

Part B: Product Specific Rules (PSR), Certificate of Origin (CO) Form, Exporter's Declaration Form, and Guidelines for Completing the CO Form of the AANZFTA ROO. For tariff reduction schedules for Trade in Goods, please refer to Part A above. Note that tariff reduction schedules as annexed are in HS 2002. Readers/users are advised to refer to the www.asean.org at entry into force of AANZFTA for the HS 2007 version of the tariff reduction schedules.

Utmost care has been done in the preparation/compilation of the files in the CD, should there be any discrepancies, the original legal text, including the schedules of the AANZFTA signed by the Parties shall prevail.



This translation was certified
by Ministry of Commerce of Myanmar